# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ စနေနေ့၊ (1-10-2011) (၆၉၉၉)


**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
### တရုတ်သမ္မတ မစ္စတာ ဟူကျင်ထောင်းထံ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၂)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
### ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဒီမီထရီ ခရစ်တိုဖိယာ့စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
### နိုင်ဂျီးရီးယားနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံသမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ် ဒေါက်တာ ဂွတ်လက်ခ် အီဘလီ ဂျိုနသန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
### တရုတ်ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၂)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း စိုးရိမ်ပူပန်မှုများရှိကြောင်း ကြားသိရ မိမိတို့အစိုးရသည် ပြည်သူမှရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်၍ ပြည်သူများ၏ဆန္ဒကို အလေးထားရပါမည်

## မိမိတို့အစိုးရလက်ထက်တွင် မြစ်ဆုံဆည်တည်ဆောက်ခြင်းကို မပြုလုပ်စေဘဲ ရပ်ဆိုင်းထားမည်ဖြစ်

## နိုင်ငံတော်အတွက် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အန္တရာယ်မရှိနိုင်သည့် အခြားသော ရေအားလျှပ်စစ်စီမံကိန်းများကိုသာ စနစ်တကျ လေ့လာဆန်းစစ် ဆောင်ရွက်သွားမည်

နေပြည်တော် စက်တင်ဘာ ၃၀

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့ကျင်းပလျက်ရှိသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတို့သို့ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများ လိပ်မူလျက် သဝဏ်လွှာပေးပို့ခဲ့သည်။ ယနေ့ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**သို့**

**ဥက္ကဋ္ဌ**
**ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

အကြောင်းအရာ။ **သဝဏ်လွှာပေးပို့ခြင်း**

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ပြည်သူတို့၏ အကျိုးငှာ အားသွန်ခွန်စိုက် ကျင်းပပြုလုပ်နေသည့် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

၂။ **တစ်ချိန်တည်း၌ပင် မိမိတို့ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသော အစိုးရဖြစ်ပေါ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်လျက်ရှိပါသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကြေးမုံ The Mirror

၁-၁၀-၂၀၁၁
(စနေနေ့)

# မေတ္တာ ကရုဏာ စေတနာဖြင့် စောင့်ရှောက်ကူညီ

ယနေ့ကမ္ဘာတွင် ဇီဝနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ လူသားများ၏ သက်တမ်းရှည်လာသည်ကို တွေ့ရသည်။ သက်ကြီးရွယ်အိုများလည်း နှစ်စဉ်တိုးပွားလာလျက်ရှိရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်နေကြပြီ ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီးက နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို **အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့** အဖြစ်သတ်မှတ်၍ အခမ်းအနားများကျင်းပလျက်ရှိသည်။ ကုလသမဂ္ဂနှင့် ကမ္ဘာ့သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ဝင်များက သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်နိုင်ရေး၊ သာယာချမ်းမြေ့ဖွယ် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေး အစီအစဉ်များ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

အမိ၊ အဖ၊ အဘိုး၊ အဘွား သက်ကြီးရွယ်အိုများအား ဂါရဝထားလေးစားစောင့်ရှောက်ကူညီခြင်းသည် မြန်မာ့ယဉ်ကျေးမှုထုံးတမ်း အစဉ်အလာဖြစ်သည်။ မိမိတို့၏ အိမ်ဦးခန်းတွင် မိဘဘိုးဘွားတို့အား နေရာပေးကာ မေတ္တာ စေတနာအပြည့်အဝဖြင့် ကျွေးမွေးပြုစုစောင့်ရှောက်နေကြသည်။ မြန်မာ့လူမှုပတ်ဝန်းကျင်တွင် အဘိုးအဘွားများကလည်း မိမိတို့၏ သားသမီး မြေးမြစ်များနှင့်အတူ မိသားစု၏ စီးပွားရေး၊ လူမှုရေးရာများကို ကြည့်ရှုထိန်းသိမ်းပေးသည့် ချမ်းမြေ့ဖွယ်ရာဘဝများ ဖြစ်တည်နေသည်ကို တွေ့မြင်နိုင်ပေသည်။

အခြားသော သားထောက်သမီးခံ မရှိကြသည့် အားကိုးရာမဲ့ သက်ကြီးရွယ်အို ဘိုးဘွားများအား စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာများထူထောင်၍ ပြုစုစောင့်ရှောက်ပေးနေကြသည်။ မြန်မာနိုင်ငံ၌ လွန်ခဲ့သော နှစ်ပေါင်း ၉၀ ကျော်ကပင် ဘိုးဘွားရိပ်သာများ ထူထောင်စောင့်ရှောက်ပေးခဲ့သည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ တိုးချဲ့ထူထောင်၍ သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

အားငယ်အထီးကျန်နေသော သက်ကြီးရွယ်အိုများ လူမှုဘဝ သာယာချမ်းမြေ့မှုအတွက် အိုးမကွာအိမ်မကွာ ပြုစုစောင့်ရှောက်နိုင်သော အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ရေး အစီအစဉ်များကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ နှစ်စဉ်ကျင်းပနေခြင်းသည် အဘိုးအဘွားတို့၏ ဘဝရှေ့ရေး သာယာချမ်းမြေ့စေရေး ပြုစုစောင့်ရှောက်ရေးအတွက် ပိုမိုအထောက်အကူဖြစ်စေသည်။

သက်ကြီးရွယ်အိုများအား မေတ္တာ ကရုဏာ စေတနာ အပြည့်အဝဖြင့် ပြုစုစောင့်ရှောက်ကူညီခြင်းသည် မြန်မာတို့၏ မွန်မြတ်သော ပရဟိတလုပ်ငန်းတစ်ခုဖြစ်သည်။ သက်ကြီးရွယ်အိုများ၏ လူမှုဘဝများ ပိုမိုသာယာချမ်းမြေ့စေရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက အလှူရေစက်လက်နှင့်မကွာ ဆက်လက်လှူဒါန်းပြုစု စောင့်ရှောက်ကူညီသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

# ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်နှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် နှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၃၀

**ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ German Academic Exchange Service (DAAD) ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် Seminar of Forum Expert Network for Southeast Asia; Sustainable Urban Future ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသံရုံး ယဉ်ကျေးမှုနှင့် ပညာရေးဌာနမှ Mrs. Katrin Fruehinsfeld၊ အာဆီယံနိုင်ငံများမှ မြို့ပြစီမံကိန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ ယခုနှီးနှောဖလှယ်ပွဲတွင် စဉ်ဆက်မပြတ် ရှင်သန်နိုင်မည့် မြို့ပြ အနာဂတ်နှင့် ဆက်စပ်ပြီး မြို့ပြစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရေးနှင့် စီမံခန့်ခွဲရေး၊ မြို့ပြအမွေအနှစ်များ၊ မြို့ပြလူမှုရေး၊ စီးပွားရေးနှင့် မြို့ပြပတ်ဝန်းကျင် စဉ်ဆက်မပြတ် ရှင်သန်နိုင်ရေး၊ မြို့ပြအခြေခံအဆောက်အအုံများ အစရှိသည့် ခေါင်းစဉ်များကိုသာမက ကွန်ရက်မှတစ်ဆင့် အတွေးအခေါ်များ ဖလှယ်ရေးတို့ကိုပါ ဆွေးနွေးသွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေး၌ အကျိုးပြုနိုင်မည်ဖြစ်သကဲ့သို့ အလားတူ နိုင်ငံတကာ Forum များ၊ နှီးနှောဖလှယ်ပွဲများကို အနာဂတ်တွင် ဆက်လက်ကျင်းပနိုင်ရန်လည်း မျှော်လင့်ပါကြောင်း၊ ထို့အပြင် ကိုလုံးတက္ကသိုလ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့အနေဖြင့် မြန်မာနိုင်ငံ၏ မြို့ပြကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နောင်ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ပထမခြေလှမ်းအဖြစ် ခံယူပါကြောင်း၊ Urban Forum နှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ကျင်းပနိုင်သည့်အတွက် ကိုလုံးတက္ကသိုလ်၏ နိုင်ငံတကာ မြို့ပြအတွေ့အကြုံများ၊ အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံ မြို့ပြဆိုင်ရာ ပညာရှင်များ၏ အတွေ့အကြုံများကို ဖလှယ်ရန် အခွင့်အရေးတစ်ရပ် ရရှိမည်ဖြစ်ကြောင်း၊ အဆိုပါ အတွေ့အကြုံ ဖလှယ်ခွင့်သည် မြန်မာနိုင်ငံ၏ နိုင်ငံတော်တည်ဆောက်ရေး၌ မြို့ပြကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူကောင်း တစ်ရပ်အဖြစ် ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံရုံးယဉ်ကျေးမှုနှင့် ပညာရေးဌာနမှ Mrs. Katrin Fruehinsfeld နှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ German Academic Exchange Service (DAAD ) မှ Lecture in University of Foreign Language Mr.Tillman Pfeiffer တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ကိုလုံးတက္ကသိုလ် ပထဝီဝင်ဌာနမှ Professor Dr. Frauke Kraas က ဆွေးနွေးပွဲအကြောင်းအရာများနှင့် ကျင်းပမည့် အစီအစဉ်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို ယနေ့မှ အောက်တိုဘာ ၈ ရက်အထိ နေပြည်တော်နှင့် ရန်ကုန်မြို့များ၌ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် Seminar of Forum Expert Network for Southeast Asia; Sustainable Urban Future ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၀-၉-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၁၆၄၉ | ၀. ၀၃၂၀၉ |
| တရုတ် (ယွမ်) | ၆. ၃၈၃၂၅ | ၀. ၁၅၆၆၆ |
| အိန္ဒိယ (ရူပီး) | ၄၉. ၀၆၀၀ | ၀. ၀၂၀၃၈ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၉၂၅၀ | ၀. ၃၁၃၂၃ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၃၄၄ | ၀. ၇၆၇၂၀ |
| ဂျပန် (ယန်း) | ၇၆. ၇၄၆၆ | ၀. ၀၁၃၀၃ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၈၁. ၁၀ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၇၄၃၁၀ | ၁. ၃၄၅၇၄ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၁၅၅ | ၁. ၅၅၈၇၃ |

အင်တာနက်။

# ၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော် Champion Challenge Cup Tournament တတိယအသုတ်ပြိုင်ပွဲ မြန်မာ့ရိုးရာလက်ဝှေ့ ဗိုလ်လုပွဲများကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော် Champion Challenge Cup Tournament တတိယအသုတ်ပြိုင်ပွဲ မြန်မာ့ရိုးရာလက်ဝှေ့ ဗိုလ်လုပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အတန်းအသီးသီး၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော် Champion Challenge Cup Tournament တတိယအသုတ်ပြိုင်ပွဲ မြန်မာ့ရိုးရာလက်ဝှေ့ ဗိုလ်လုပွဲစဉ်များအနက် အမျိုးသား ၅၄ ကီလိုတန်းနှင့် ၅၇ ကီလိုတန်း ဗိုလ်လုပွဲစဉ်များနှင့် Champion Challenge Cup တံခွန်စိုက်ဆုဖလားချီးမြှင့်ပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

# (၁၅)ကြိမ်မြောက် ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

(၁၅)ကြိမ်မြောက် ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ ဘာသာရပ်များဆိုင်ရာအဖွဲ့များမှတစ်ဆင့် မှတ်ပုံတင်နိုင်သည်။ (သတင်းစဉ်)



**မြန်မာ့မြင်းစီးအားကစားအဖွဲ့ ယှဉ်ပြိုင်မည့် မြင်းနှင့်အားကစားသမားရွေးချယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအပြီး၌ အရှေ့တောင်အာရှ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့နှင့်အတူ တွေ့ရစဉ်။** (မြင်းစီးအားကစားအဖွဲ့ချုပ်)

# မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၃၀**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ယှဉ်ပြိုင်မည့် မြင်းနှင့်အားကစားသမားရွေးချယ်ပွဲနှင့် ၂၀၁၁ ခုနှစ် အရှေ့တောင်အာရှ မြင်းစီးအားကစားအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခဲ့သော မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်နှင့် မြန်မာ့မြင်းစီးအားကစားသမားများ ပါဝင်သော မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ယင်း(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ယှဉ်ပြိုင်ကြမည့် မြင်းနှင့်လူရွေးချယ်ပြိုင်ပွဲတွင် အလှစီးပြိုင်ပွဲ၊ တန်းခုန်ပြိုင်ပွဲနှင့် တောတွင်းအခက်အခဲ ဖြတ်ကျော်စီးခြင်းပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားသုံးမျိုး၌ မြန်မာ့မြင်းစီးအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ သိန်းဝင်း၊ ဘခန့်၊ သန်းလှိုင်နှင့် အောင်သူထွန်းတို့ အနိုင်ရရှိကြပြီး ဆုများရရှိခဲ့ကြသည်။

(သတင်းစဉ်)

# မန္တလေးတက္ကသိုလ် ဒသမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

မန္တလေးတက္ကသိုလ်၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဒေါက်တာခင်ဆွေမြင့် (ပါမောက္ခချုပ်)ဖုန်း-၀၉-၂၀၂၂၉၁၀၊ ဦးဝင်းမောင်[ပါမောက္ခချုပ် (ငြိမ်း)] ဖုန်း-၀၉-၂၀၃၂၃၇၁၊ ဦးပိုမြင့်[ပါမောက္ခချုပ် (ငြိမ်း)] ဖုန်း-၀၉-၂၀၅၂၆၃၀၊ ဦးစိုး[ပါမောက္ခချုပ်(ငြိမ်း)] ဖုန်း-၀၉-၂၀၃၇၃၄၃၊ ဦးဝင်းထင်(ကောင်းမြတ်စံ) ဖုန်း-၀၉-၄၇၀၇၉၄၄၇နှင့် ဒေါ်ခင်မြမြ(သူရိန်နန်း) ဖုန်း-၀၉-၂၀၁၁၉၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

# ပြင်ဆင်ဖတ်ရှုပါရန်

**ရန်ကုန် စက်တင်ဘာ ၃၀**

စက်တင်ဘာ ၂၉ ရက်ထုတ် သတင်းစာတွင်ပါရှိသည့် ကုန်သည်/စက်မှုအသင်းချုပ်၌ "ဟောပြောပွဲ ကျင်းပမည်" သတင်းတွင် ဟောပြောပွဲ ကျင်းပမည့်ရက် အောက်တိုဘာ ၈ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီအစား အောက်တိုဘာ ၁ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီဟု ပြင်ဆင်ဖတ်ရှုပါရန်။ (သတင်းစဉ်)

# တိုင်းပြည်ခေတ်မီဖွံ့ဖြိုးရေး စက်မှုနိုင်ငံထူထောင်နိုင်ရန် လျှပ်စစ်စွမ်းအင်လိုအပ်ချက်သည် အဓိကကျ မြန်မာ့ပင်လယ်ပြင်မှသဘာဝဓာတ်ငွေ့ထွက်ရှိသော်လည်း ပြည်ပအရင်းအနှီးများဖြင့် ထုတ်လုပ်သည့်ကိစ္စဖြစ်၍ အချို့သာခွဲဝေရရှိ

☆ရောဝတီမှ

၃။ **တိုင်းရင်းသားပြည်သူအပေါင်းတို့၏ တူညီသော မျှော်မှန်းချက်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေးတို့ ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရသည် တိုင်းရင်းသားပြည်သူတို့၏ ဆန္ဒနှင့်အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေပြင်ပသို့ ရောက်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ထာဝရငြိမ်းချမ်းရေးရရှိရန် ဆက်သွယ်ကမ်းလှမ်း ဖိတ်ခေါ်ဆောင်ရွက်ခဲ့ရာ ယခုအခါ အထူးဒေသ(၂) "ဝ"အဖွဲ့နှင့် အထူးဒေသ(၄) အဖွဲ့တို့သည် ပြည်နယ်အဆင့် သဘောတူညီချက်များ ရရှိခဲ့ပြီး ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများပင် စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။ အချို့အဖွဲ့များသည်လည်း ပြည်နယ်အစိုးရများထံ ငြိမ်းချမ်းရေးရယူရန် ဆက်သွယ်ဆောင်ရွက်မှုများ ရှိနေပါသည်။**

၄။ တစ်ချိန်တည်း၌ပင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားတိုင်းရင်းသားများအားလည်း ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသသို့ ပြန်လာလိုပါက ပြန်လာနိုင်ရန် စိစစ်လက်ခံခဲ့ရာ တချို့ပြန်လာနေကြပြီ ဖြစ်ပါသည်။ **အကျဉ်းသားများ လွှတ်ပေးရေးကိစ္စများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပ်နှင်းထားသည့် အခွင့်အာဏာအတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ အမျိုးသားအကျိုးစီးပွားအတွက် ထိုသို့အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေချိန်တွင် ပါတီအချို့နှင့် အင်အားစုအချို့တို့သည် အစိုးရအခက်အခဲ အကျပ်အတည်းတွေ့အောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်ကြံရွယ်၍ လှုပ်ရှားလုပ်ဆောင်မှုများ ပြုလုပ်နေကြသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့ရှိနေရပါသည်။**

၅။ တိုင်းပြည်ခေတ်မီဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးကို အရှိန်အဟုန်မပျက် တိုးတက်အောင်ဆောင်ရွက်ရင်း စက်မှုနိုင်ငံထူထောင်နိုင်ရန်ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် **စက်မှုနိုင်ငံထူထောင်နိုင်ရန် လျှပ်စစ်စွမ်းအင်လိုအပ်ချက်သည် အဓိကကျပါသည်။ လျှပ်စစ်စွမ်းအင်ရရှိနိုင်သည့် နည်းလမ်းများအနက် အဏုမြူစွမ်းအင် ထုတ်လုပ်သုံးစွဲရေးမှာ ကမ္ဘာ့ဖြစ်စဉ်များအရ အန္တရာယ်ကြီးမားလှသည့်အပြင် ငွေကြေးမပြည့်စုံမှု၊ နိုင်ငံရေးအရ အများသူငါ လက်မခံမှုတို့ကြောင့် မိမိတို့နိုင်ငံအတွက် မဖြစ်နိုင်သောကိစ္စဖြစ်ပါသည်။ ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ကျောက်မီးသွေးသယံဇာတမှာလည်း တစ်နိုင်ငံလုံးအတွက် လုံလောက်မှုမရှိသည်ကို ကိုယ်စားလှယ်တော်ကြီးများ အသိပင်ဖြစ်ပါသည်။**

၆။ မြန်မာ့ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့ထွက်ရှိသော်လည်း ပြည်ပအရင်းအနှီးများဖြင့် ထုတ်လုပ်သည့် ကိစ္စဖြစ်၍ မိမိတို့လိုအပ်သလောက်မရနိုင်ဘဲ အချို့အဝက်သာ ခွဲဝေရရှိပါသည်။ ပြည်ပချေးငွေဖြင့် အရင်းအနှီးအချို့ ထည့်ဝင်ထားခဲ့ရာ အနာဂတ်တွင် အကျိုးခံစားရမည် ဖြစ်သော်လည်း လောလောဆယ်တွင်မူ ချေးငွေအပေါ် အတိုးများ အရစ်ကျ ပေးဆပ်နေရသည့် အခြေအနေဖြစ်ပါသည်။ ကုန်းတွင်း၌ သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်နေသော်လည်း ပြည်တွင်းသုံးစွဲရန်အတွက်ပင် လုံလောက်မှုမရှိသေးပါ။

၇။ မြန်မာနိုင်ငံတွင် ပြည့်ဖြိုးမြဲဖြစ်သော ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် သဘာဝကပေးထားသော မြစ်ချောင်းများရှိနေသဖြင့် အဆိုပါ မြစ်ချောင်းများမှ ပြည်တွင်း ပြည်ပအရင်းအနှီးများရယူ၍ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေးအတွက် တပ်မတော်အစိုးရလက်ထက်တွင် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခင်က ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၂)ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (၇)ရုံသာရှိခဲ့ပြီး စုစုပေါင်း စက်တပ်ဆင်အား (၅၂၉)မဂ္ဂါဝပ်သာရှိခဲ့ရာမှ နောက်ထပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံ(၂၃)ရုံ၊ စက်တပ်ဆင်အား (၂၈၃၁) မဂ္ဂါဝပ် တိုးတက်ဆောင်ရွက်ခဲ့ပါသည်။

၈။ **နှစ် (၃၀) လျှပ်စစ်မဟာဗျူဟာစီမံကိန်းအရ နောက်ထပ် ရေအားလျှပ်စစ်စီမံကိန်း(၆၄)ခုနှင့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ (၃)ခုအပါအဝင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် စက်တပ်ဆင်အား မဂ္ဂါဝပ် (၄)သောင်းကျော် ထုတ်လုပ်နိုင်သည့် အလားအလာများ ရှိပါသည်။** အဆိုပါ စီမံကိန်းများတွင် ကချင်ပြည်နယ်ရှိ မေခ၊ မလိခ မြစ်ညာမြစ်ဝှမ်းနှင့် ဧရာဝတီမြစ်ဆုံ စီမံကိန်း(၈)ခု အပါအဝင် ဖြစ်ပါသည်။

၉။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ငွေကြေးအရင်းအနှီးဖြင့် ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းကို ပထမအဆင့် ဆောင်ရွက်ရန် စတင်ခဲ့ရာ ယခုအခါတွင် အဆိုပါမြစ်ဆုံ စီမံကိန်းနှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း အောက်ပါစိုးရိမ်ပူပန်မှုများ ရှိလာခဲ့ပါသည်-

- **(က) ကချင်ပြည်နယ်အတွက်သာမက မြန်မာနိုင်ငံအတွက်ပါ သဘာဝကပေးထားသော (Land Mark) ဖြစ်သည့် မြစ်ဆုံသဘာဝအလှအပပျောက်ကွယ်သွားနိုင်ခြင်း၊**
- **(ခ) မြစ်ညာပိုင်းရှိ တိုင်းရင်းသားကျေးရွာများ ရေနစ်မြုပ်၍ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးပျက်စီးသွားနိုင်ခြင်း၊**
- **(ဂ) ပုဂ္ဂလိကများမှ ငွေကြေးအရင်းအနှီးများစွာ စိုက်ထုတ်၍ စီးပွားဖြစ်စိုက်ပျိုးထားသည့် ရော်ဘာစိုက်ခင်းများနှင့် ကျွန်းစိုက်ခင်းများ ပျက်စီးသွားနိုင်ခြင်း၊**
- **(ဃ) ရာသီဥတုဖောက်ပြန်မှုကြောင့် မြောက်ဖျားရှိ ရေခဲတောင်များ အရည်ပျော်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခြင်းတို့ ဖြစ်ပေါ်လာပါက မြစ်ဆုံဆည်ပျက်စီးပြီး ဆည်အောက်ပိုင်းရှိ မြို့ရွာများနှင့် ပြည်သူများ သေကျေပျက်စီးမှုရှိနိုင်ခြင်း၊**
- **(င) ဧရာဝတီမြစ်ကြီး ထိခိုက်ပျက်စီးနိုင်ခြင်း**

စသည်ဖြင့် ပြည်သူအချို့မှ စိုးရိမ်ပူပန်မှု ရှိနေကြသည်ကို မိမိတို့ ကြားသိနေရပါသည်။

၁၀။ **မိမိတို့အစိုးရသည် ပြည်သူမှ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်၍ ပြည်သူများ၏ ဆန္ဒကို အလေးထားရပါမည်။ ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို အလေးထား၍ ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ သို့ပါ၍ မိမိတို့အစိုးရလက်ထက်တွင် မြစ်ဆုံဆည်တည်ဆောက်ခြင်းကို မပြုလုပ်စေဘဲ ရပ်ဆိုင်းထားမည် ဖြစ်ပါသည်။ နိုင်ငံတော်အတွက် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အန္တရာယ်မရှိနိုင်သည့် အခြားသော ရေအားလျှပ်စစ်စီမံကိန်းများကိုသာ စနစ်တကျ လေ့လာဆန်းစစ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အိမ်နီးချင်း မိတ်ဆွေနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ချုပ်ဆိုထားသည့် အဆိုပါစီမံကိန်းနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများကို မိတ်ဝတ်မပျက်စေဘဲ သဘောတူလက်ခံအောင် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဤလွှတ်တော်သို့ အသိပေးအပ်ပါသည်။**

**(သိန်းစိန်)**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ရေကြောင်းသတိပေးကြေညာချက်

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation(Myanmar E & P) သည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းဖြင့် ကုန်းတွင်းသို့ သွယ်တန်းရာ၌ မြ(မြောက်)တွင်း တည်နေရာ၊ ရွှေပလက်ဖောင်းတည်ဆောက်မည့်နေရာ၊ ၃၂ လက်မ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမည့် ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက်တို့အား Pre-construction Survey တိုင်းတာမှုများကို တိုင်းတာရေး ရေယာဉ် MV EMMA ဖြင့် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

တိုင်းတာရေးရေယာဉ် MV EMMA ဖြင့် တိုင်းတာမည့် မြ(မြောက်)တွင်း တည်နေရာ၊ ရွှေပလက်ဖောင်း တည်ဆောက်မည့်နေရာနှင့် ၃၂ လက်မဓာတ်ငွေ့ ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် တည်နေရာများမှာ Mya(North) တွင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၀၅ စက္ကန့်၊ Shwe Platform တွင် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၃ စက္ကန့်၊ Pipeline Route တွင် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၈ မိနစ် ၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၄ မိနစ် ၅၃ စက္ကန့်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၇ မိနစ် ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၇ မိနစ် ၁၄ စက္ကန့်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ မိနစ် ၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၅ မိနစ် ၃၀ စက္ကန့်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၅ မိနစ် ၀၆ စက္ကန့်နှင့် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ် ၂၉ စက္ကန့်တစ်လျှောက်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ကုန်းတွင်းသို့ ပိုက်လိုင်းဖြင့် သွယ်တန်းရာ၌ မြ(မြောက်)တွင်းတည်နေရာ၊ ရွှေပလက်ဖောင်းတည်ဆောက်မည့်နေရာနှင့် ၃၂ လက်မ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမည့် လမ်းကြောင်းတစ်လျှောက်တွင် Pre-construction Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV EMMA ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)



## ကျောက်မျက်ရောင်းချသည့် ရတနာဈေးနှင့် အချောထည်စက်ရုံများ တည်ဆောက်ရေးစီစဉ် လက်ရှိကျောက်မျက်အချောထည် ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးအောင် ပံ့ပိုးသွားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်တွင်း၌ ကျောက်မျက်ရတနာဈေးကွက် ကျယ်ပြန့်ခိုင်မာစွာ ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က အမြော်အမြင်ကြီးမားစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ကျောက်မျက်ရတနာ အချောထည်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောက်မျက်ရတနာအချောထည်များ ရောင်းချသည့် ရတနာဈေး တည်ဆောက်ရေးနှင့် ကျောက်မျက်ရတနာ အချောထည်စက်ရုံများ တည်ဆောက်ရေးတို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိကျောက်မျက်အချောထည်များ ထုတ်လုပ်နေသည့် မြစ်ကြီးနား၊ စစ်ကိုင်း၊ မန္တလေး၊ မိုးကုတ်၊ ရန်ကုန်တို့ရှိ လုပ်ငန်းများကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဝန်ကြီးဌာနက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့်အညီ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များက တိုင်ပင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြပြီး လုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေး တိုက်တွန်းမှာကြားလိုကြောင်းဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ယနေ့မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည့် ကျောက်မျက်အချောထည်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောက်မျက်အချောထည်များ ရောင်းချသည့် ရတနာဈေး တည်ဆောက်ရေး၊ ကျောက်မျက်အချောထည်စက်ရုံများတည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေး၌ အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊ ရန်ကုန်၊မန္တလေး၊ မိုးကုတ်နှင့် စစ်ကိုင်းမြို့ကြီးများ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပုဂ္ဂလိက ကျောက်မျက်ရတနာလုပ်ငန်းရှင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော်  စက်တင်ဘာ  ၃၀**

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာ စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၁) အင်္ဂလိပ်စာ စွမ်းရည်သရုပ်ပြပွဲနှင့် သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရိန်မြင့်၊ ဒုတိယဆုရ သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လတ်လတ်မိုးနှင့် တတိယဆုရ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဦးစီးအရာရှိ ဒေါ်ရွှန်းဝေမြင့်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

**သရုပ်ပြဆွေးနွေး**

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများ၏ အင်္ဂလိပ်စာစွမ်းရည် သရုပ်ပြ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)



**သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် အရာထမ်းအဆင့် အင်္ဂလိပ်စာ စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၁)တွင် ပထမဆုရ သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရိန်မြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဂျာမနီဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ အရှေ့တောင်အာရှ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ဆွေးနွေး



**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ University of Cologne မှ ပါမောက္ခ ဒေါက်တာ Frauke Kraas နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

**နေပြည်တော်  စက်တင်ဘာ  ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ University of Cologne မှ ပါမောက္ခ ဒေါက်တာ Frauke Kraas နှင့် အဖွဲ့ဝင် ကိုးဦးတို့သည် စက်တင်ဘာ ၂၉ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ University of Cologne တို့အကြား အရှေ့တောင်အာရှဒေသ ဖွံ့ဖြိုးရေး ဆိုင်ရာ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

# ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် အစည်းအဝေးများ ကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကား ပြောကြား

နေပြည်တော်  စက်တင်ဘာ  ၃၀

**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် နိုဝင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် ခရီးသွားပြပွဲများ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ပုဂံဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ လိုအပ်သည်များကို MTB အသင်းနှင့် ပေါင်းစပ်၍ ဆောင်ရွက်နေစဉ်ကာလ အတွင်း ပုဂံဒေသ၌ (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း အဖွဲ့ အစည်းအဝေး၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် ခရီးသွား ပြပွဲကျင်းပနိုင်ရေးတို့ကို စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖော်ပြပါ အစည်းအဝေးများနှင့် ခရီးသွားပြပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် MTB အသင်းက စီစဉ်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို အပိုင်းလိုက် သတ်သတ်မှတ်မှတ် တာဝန်ယူ၍ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအသီးသီးကို ဖွဲ့စည်း တာဝန်ပေးအပ်၍ အခမ်းအနားကျင်းပသည့်နေ့မှစ၍ အခမ်းအနားပြီးဆုံးသည့်နေ့အထိ ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များကို ယခုအစည်းအဝေးတွင် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဝင်းက တင်ပြရာ MTB ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က ကဏ္ဍအလိုက်ဆောင်ရွက်မည့် အစီအစဉ်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် ခရီးသွားပြပွဲများ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

## အများပြည်သူသိရှိရန် သတိပေးနှိုးဆော်ချက်

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းသည် တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားကို အများပြည်သူအားလုံး စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ရေးအတွက် တည်ဆောက်ပြီး မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများ၏ သုံးလပတ် ထိန်းသိမ်းပြုပြင်ရေး စီမံချက်များရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါသည်။

၆၆ ကေဗွီ အသုတ်-ပုသိမ်-မှန်စက် ဓာတ်အားလိုင်းကို ၂-၁၀-၂၀၁၁ ရက် နံနက် ၈ နာရီမှ ညနေ ၆ နာရီ အထိ ဓာတ်အားပိတ်၍ စတုတ္ထသုံးလပတ် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ နေရာဒေသများတွင် ဓာတ်အားပြတ်တောက်လျက်ရှိမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | ဓာတ်အားပြတ်တောက်မည့်နေရာဒေသများ |
|---|---|
| ၁။ | ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၆၆ ကေဗွီ အသုတ်-ပုသိမ်-မြောင်းမြ-လပွတ္တာ ဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးထားသော ပုသိမ်၊ သာပေါင်း၊ ကန်ကြီးထောင့်၊ မြောင်းမြ၊ ဝါးခယ်မနှင့် လပွတ္တာ မြို့နယ်များအတွင်းရှိ နေရာဒေသများ |

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

# ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် ဆုပေးပွဲအခမ်းအနား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

ရန်ကုန်  စက်တင်ဘာ  ၃၀

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် စက်တင်ဘာ ၂၈ ရက် ညနေ ၃ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည့် MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၂၂)ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ယူနိုက်တက် ဘောလုံးအသင်းနှင့် ဧရာဝတီယူနိုက်တက် ဘောလုံးအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ IBTC Co.,Ltd. Executive Director ဦးတင်ဦးက ဒုတိယဆုရ ဧရာဝတီ ယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းက ဆုကြေးငွေ ကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရ ရန်ကုန်ယူနိုက်တက် အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ချန်ပီယံဆုဖလားနှင့် ဆုကြေးငွေကျပ်သိန်း ၅၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(သတင်းစဉ်)

## စမ်းချောင်း အထက(၂)၌ မူးယစ်အန္တရာယ် အသိပညာပေး ဟောပြော

**ရန်ကုန်  စက်တင်ဘာ  ၃၀**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၄ ရက်က ကျင်းပရာ **(ယာပုံ)** ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးညဏ်ဝင်း၊ UNFPA မှ ဒေါက်တာဥမ္မာ၊ စမ်းချောင်းမြို့နယ် ကျောင်းကျန်းမာရေးဆရာမ ဒေါ်စန်းစန်းရီတို့က ဟောပြောကြသည်။

(ကြေးမုံ)



## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန်  စက်တင်ဘာ  ၃၀**

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဦးမင်းဇော်သည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ကစားဖော်များဖြစ်ကြသော ဦးမြိုင်နီ (ရန်ကုန်ပဲဆီသန့်)၊ ဦးရွှေပါ (Beauty ခေါင်းလျှော်ရည်)၊ ဦးရွှေသီး (Beauty ခေါင်းလျှော်ရည်) တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကိုက် ၁၆၀ အကွာအဝေးတွင်ရှိသော Titleist Pro V1 No.3 ဘောလုံးကို XX 10 No.7 တုတ်ဖြင့် ရိုက်လိုက်ရာ ကျင်းအမှတ် (၈)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။  (သတင်းစဉ်)

# သက်တော်ရာကျော်ရှည်ပါစေ ဒို့ဘိုးဘွားတွေ

ကိုကြွေး(ဘူမိဗေဒ)

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့

**INTERNATIONAL DAY OF OLDER PERSONS**

**1st October 2011**

**“သက်ရွယ်စုံညီ၊ လူ့အဘောင်ဆီသို့”**

**"TOWARDS A SOCIETY FOR ALL AGES"**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

၂၀၁၁ ခုနှစ်မှာ ကမ္ဘာ့လူဦးရေဟာ သန်းခုနစ်ထောင်အထိ ရောက်ရှိလာပြီလို့ ကမ္ဘာ့ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့က ကြေညာထားပါတယ်။ လူဦးရေ တိုးတက်များပြားလာမှုနဲ့အတူ လူဦးရေအချိုးအစားပြောင်းလဲမှုတွေလည်း ရှိလာပါတယ်။ ကမ္ဘာ့လူဦးရေဟာ သက်ကြီးရွယ်အိုတိုးတက်များပြားလာမှုကြောင့် ၂၀၃၀ ခုနှစ်နဲ့ ၂၀၅၀ ခုနှစ်အရောက်မှာ လူဦးရေအချိုးပြပုံဟာ “အောက်သေးအပေါ်ကား” ပုံသဏ္ဍာန်ဖြစ်လာလိမ့်မယ်လို့ လူဦးရေပညာရှင်တွေက ခန့်မှန်းထားကြပါတယ်။

အခုဆိုရင် ကမ္ဘာနဲ့အဝန်းမှာ အသက် (၆၀)နဲ့အထက်လောက်ကို သက်ကြီးရွယ်အိုလို့ မသတ်မှတ်တော့ဘဲ အသက် (၆၅) နှစ်နဲ့အထက်ကိုသာ သက်ကြီးရွယ်အိုလို့ သတ်မှတ်လာကြပြီဖြစ်ပါတယ်။ ၂၀၅၀ ခုနှစ်အရောက်မှာ ကမ္ဘာ့လူဦးရေဟာ ၈ ဘီလီယံနဲ့ ၁၀ ဒသမ ၅ ဘီလီယံကြားအထိ ရောက်ရှိလာလိမ့်မယ်လို့လည်း ခန့်မှန်းထားကြပါတယ်။ ကမ္ဘာ့လူဦးရေတိုးပွားမှုနဲ့အတူ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုတွေ၊ စားနပ်ရိက္ခာမဖူလုံမှု၊ ရေနဲ့စွမ်းအင်လိုအပ်မှုအစရှိတဲ့ ဆင်ခြင်တွေးဆစရာတွေ၊ ဖြေရှင်းစရာတွေ အများကြီးရှိလာပြီလို့ သုတေသနပညာရှင်တွေက ထောက်ပြနေကြပါပြီ။

ကမ္ဘာပေါ်မှာ အသက် (၆၅) နှစ်နဲ့အထက် သက်ကြီးရွယ်အိုဦးရေဟာ ၁၉၅၀ ခုနှစ်က ၁၂၅ သန်း (၅ရာခိုင်နှုန်း)သာရှိခဲ့ပေမယ့် အခုအချိန်မှာ ၅၂၃ သန်း (၈ ရာခိုင်နှုန်း)ရှိလာပြီဖြစ်သလို ၂၀၅၀ ခုနှစ်လောက်ဆိုရင် ၁ ဒသမ ၅ ဘီလီယံ (၁၆ ရာခိုင်နှုန်း)အထိ ရှိလာမယ်လို့ ခန့်မှန်းထားပါတယ်။ မိသားစုစီမံကိန်းတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ ကောင်းလာတာကြောင့် လူ့သက်တမ်းပိုမိုရှည်လာတာနဲ့အမျှ သက်ကြီးရွယ်အို ဦးရေဟာလည်း နိုင်ငံတိုင်း၊ နေရာတိုင်းမှာ တိုးတက်များပြားလာခဲ့တာ ဖြစ်ပါတယ်။

အဲဒီကတစ်ဆင့် လူမှုဘဝဖူလုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ စီးပွားရေးကဏ္ဍတွေအထိပါ စိန်ခေါ်မှုတွေ အများကြီးရှိလာပါတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံတွေကတော့ လွန်ခဲ့တဲ့ နှစ် ၄၀ လောက်ကတည်းက ဒီကိစ္စကို ကြိုတင်တွက်ဆခဲ့တာဖြစ်တဲ့အတွက် အဲဒီအချိန်ကတည်းကစပြီး သက်ကြီးရွယ်အိုပြဿနာကို ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ လူမှုရေးအာမခံစနစ်တွေ၊ ကျန်းမာရေးအာမခံစနစ်တွေ၊ လူမှုဖူလုံရေးလုပ်ငန်းတွေ၊ လူမှုရေးပင်စင်ခံစားခွင့်တွေကို ကြိုတင်ဆောင်ရွက်ခဲ့ကြတာကို တွေ့ရပါတယ်။ သူတို့နိုင်ငံတွေရဲ့ ဓနအင်အားအပေါ်အခြေခံပြီး သက်ကြီးရွယ်အိုဘဝကို ရောက်တဲ့အခါမှာ ပူပင်ကြောင့်ကြမှုတွေကင်းရလေအောင် လူမှုရေးပင်စင်တွေ၊ လူမှုဖူလုံရေးအစီအမံတွေကို အလုပ်သမားတွေအတွက်သာမက အခြားပြည်သူတွေအတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီလိုကြိုတင်စီမံခဲ့ပေမယ့် မျက်မှောက်ခေတ်စီးပွားရေးပြဿနာတွေကြောင့် သက်ကြီးရွယ်အိုတွေရဲ့ ဘဝဖွံ့ဖြိုးတိုးတက်ရေး အစီအမံတွေကို ပြန်လည်ပြင်ဆင်ရတာတွေ၊ အသစ်ထပ်ပြီးရေးဆွဲချမှတ်ရတာတွေလည်း ရှိလာပါတယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်းက ဆွစ်ဇာလန်နိုင်ငံ စိန့်ဂါလန်တက္ကသိုလ်မှာ ကျင်းပတဲ့ **ကမ္ဘာ့ သက်ကြီးရွယ်အိုနှင့် မျိုးဆက်သစ်များဆိုင်ရာ ညီလာခံ** (World Ageing & Generation Congress)ကို အမေရိကန်နဲ့ ဥရောပနိုင်ငံများက ဦးဆောင်ကျင်းပခဲ့ပြီး လက်ရှိပြင်ဆင်နေမှုနဲ့ နောင်ဖြစ်ပေါ်လာနိုင်တဲ့ အလားအလာတွေကို သုံးသပ်ပြီး နည်းလမ်းသစ်တွေချမှတ်နိုင်အောင် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

သက်ကြီးရွယ်အိုတိုးပွားလာမှုနဲ့ လူဦးရေအချိုးအစားပြောင်းလဲလာမှုဟာ ဖွံ့ဖြိုးပြီးနိုင်ငံတွေအနေနဲ့ သတိမူရမယ့်ကိစ္စတစ်ရပ်ဖြစ်သလို ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ ပိုပြီးသတိထားရမယ့် ကိစ္စတွေရှိမယ်လို့ ပညာရှင်တွေကသုံးသပ်ကြပါတယ်။ သက်ကြီးရွယ်အိုတွေရဲ့အရေးကို နှစ်ပေါင်း ၄၀ လောက်စောပြီးဆောင်ရွက်ခဲ့တဲ့ နိုင်ငံတွေမှာတောင် သူတို့ရဲ့ ပုံစံတွေကို ပြန်လည်သုံးသပ်ပြင်ဆင်ပြီး ခြေလှမ်းသစ်အတွက် သုတေသနပြုဆန်းစစ်လေ့လာမှုတွေ ပြုနေရတာဆိုတော့ အခုမှ ခြေလှမ်းစမယ်လို့ ကြံရွယ်နေတဲ့ နိုင်ငံတွေအဖို့ တော်တော်လေးကို အားထုတ်ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

**လွန်ခဲ့သော အနှစ်(၂၀)သည် သစ်တစ်ပင်စိုက်ပျိုးရန် အကောင်းဆုံးအချိန်ဖြစ်ပြီး ဒုတိယအကောင်းဆုံးအချိန်ဟာ ယခုအချိန်ဖြစ်သည်**ဆိုတဲ့ အဆိုအမိန့်နဲ့အညီ ကျန်နိုင်ငံတွေအနေနဲ့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ ဆီလျော်အပ်စပ်တဲ့ သက်ကြီးရွယ်အိုဆိုင်ရာမူဝါဒတွေ၊ အစီအမံတွေကို အခုအချိန်က စတင်ဆောင်ရွက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း လက်ရှိလူဦးရေ သန်း ၆၀ နီးပါးရှိလာပြီဖြစ်သလို အသက် (၆၀)နဲ့ အထက် သက်ကြီးရွယ်အို အရေအတွက်ဟာလည်း ငါးသန်း (၉ ဒသမ ၁ ရာခိုင်နှုန်း)ကျော် ရှိလာပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကို လွန်ခဲ့တဲ့ (၉၆) နှစ်ကတည်းက စပြီးဆောင်ရွက်ခဲ့တာဖြစ်ပြီး လက်ရှိဘိုးဘွားရိပ်သာ ၆၅ ခုမှာ ဘိုးဘွား ၂၂၅၀ ကျော်ကို လက်ခံစောင့်ရှောက်ထားပါတယ်။ တည်ဆောက်ဆဲ ဘိုးဘွားရိပ်သာတွေဟာလည်း မကြာခင်မှာ ထပ်ပြီးပေါ်ထွန်းလာဦးမှာဖြစ်ပါတယ်။

သို့ပေမယ့် သားထောက်သမီးခံမရှိတဲ့ ဘိုးဘွားတွေ၊ ဆွေမျိုးသားချင်းနည်းပါးတဲ့ ဘိုးဘွားတွေဟာလည်း နိုင်ငံအနှံ့အပြားမှာ ရှိနေကြပါတယ်။ ဒီလိုအကြောင်းအမျိုးမျိုးကြောင့် ဆင်းရဲနွမ်းပါးပြီး အင်အားချည့်နဲ့ အထီးကျန်ဖြစ်ရတဲ့ သက်ကြီးရွယ်အိုတွေရဲ့ ကျန်းမာရေးနဲ့ လူမှုရေးအခြေအနေကို အတိုင်းအတာတစ်ခုအထိ တိုးတက်ကောင်းမွန်လာစေဖို့ ရည်ရွယ်ပြီး **အိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစီမံကိန်း**ကို ၂၀၀၄ ခုနှစ်ကစပြီး ဆောင်ရွက်ခဲ့တာ အရှိန်အဟုန်ကောင်းတွေ ရရှိနေပြီဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ် (၁၄)ခုက စီမံကိန်းဝင်မြို့နယ်တွေမှာ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ ပြည်တွင်းက လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေတဲ့ ဒီလုပ်ငန်းကြီးမှာ စေတနာ့ဝန်ထမ်း Volunteer တွေက သက်ကြီးရွယ်အို ၃၅၀၀ ကျော်ကို အိမ်တိုင်ရာရောက် စောင့်ရှောက်မှုတွေ ပြုနေကြပါတယ်။ သို့ပေမယ့် ဒီအရေအတွက်ဟာ တကယ်တမ်းစောင့်ရှောက်ဖို့ လိုအပ်နေသေးတဲ့ သက်ကြီးရွယ်အိုအရေအတွက်နဲ့ နှိုင်းဆကြည့်ရင် အင်မတန် နည်းနေပါသေးတယ်။

သက်ကြီးရွယ်အိုအချင်းချင်း အပြန်အလှန် ကူညီစောင့်ရှောက်မှုတွေပြုရင်း ကိုယ့်ရပ်ကိုယ့်ရွာအကျိုးကို အတူတူ သယ်ပိုးဆောင်ရွက်နိုင်အောင် Older People Self Help Group-OPSHG လို့ခေါ်တဲ့ **သက်ကြီးရွယ်အိုချင်းကူညီစောင့်ရှောက်ရေးအဖွဲ့**တွေ ပေါ်ထွန်းလာတာဟာလည်း မုဒိတာပွားစရာ ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်က အာဆီယံနိုင်ငံတွေနဲ့ တစ်ချိန်တည်းစလုပ်ခဲ့တဲ့ ဒီလုပ်ငန်းဟာ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ Help Age International (Myanmar) တို့ ပူးပေါင်းပြီး ဆောင်ရွက်ကြတာပါ။ သက်ကြီးရွယ်အိုတွေထဲက ကျန်းမာရေးကောင်းတဲ့ သူတွေ၊ လူမှုရေးစိတ်ဓာတ်ရှိသူတွေကို စုစည်းပြီး စီမံခန့်ခွဲမှုသင်တန်းတွေ၊ အသက်မွေးဝမ်းကျောင်းပညာတွေပေးပြီး စနစ်တကျ ဖွဲ့စည်းစေခဲ့တာ ဖြစ်ပါတယ်။ ဒီလိုအဖွဲ့အစည်းမျိုးတွေကို ဧရာဝတီတိုင်းဒေသကြီးအတွင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းက ကျေးရွာပေါင်း ၄၀မှာ တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ပါပြီ။ အဲဒီဒေသတွေမှာ တာဝန်ယူဆောင်ရွက်နေတဲ့ စေတနာ့ဝန်ထမ်းသမားတွေက OPSHG တွေ ဖွဲ့စည်းရေးနဲ့ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးစီမံကိန်း အစီအစဉ်တွေကို ပူးတွဲဆောင်ရွက်ပေးနေတာ တွေ့ရပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေး လုပ်ငန်းစဉ်တွေကို အထောက်အကူပြုစေဖို့ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ Help Age International တို့ ပူးပေါင်းပြီး သက်ကြီးရွယ်အို အခြေခံကျေးလက်ဒေသဖွံ့ဖြိုးရေး (Rural Development on Ageing) အစီအစဉ်ကိုလည်း မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်က ကျေးရွာ ၁၀ ရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်က ကျေးရွာ ၁၅ ရွာမှာ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်ကို မြို့နယ်ပေါင်း ၈၂ ခုမှာ ဆောင်ရွက်ပြီဖြစ်ပါတယ်။ ဒီလုပ်ငန်းကို လက်တွေ့ ဖော်ဆောင်နေတဲ့ ပါမောက္ခသမားတော်ကြီး ဦးမြင့်ဟန် ဦးဆောင်ပြီး ကျန်းမာရေး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေသလို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့သက်ကြီးရွယ်အို ဆေးကုသခန်း ဖွင့်လှစ်ဆောင်ရွက်နေတာတွေ့ရပါတယ်။

သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဟာ နိုင်ငံတော်ပိုင်းရော ပုဂ္ဂလိကပိုင်းကပါ ပါဝင်ဆောင်ရွက်ကြမှဖြစ်မယ့် ကိစ္စမျိုးပါ။ လက်ရှိအခြေအနေမှာ ပုဂ္ဂလိကစေတနာရှင်အချို့က တစ်နိုင်တစ်ပိုင် ဆောင်ရွက်နေကြတာဖြစ်ပြီး ဆေးရုံကြီးတွေ၊ ဆေးခန်းကြီးတွေအနေနဲ့ သက်ကြီးရွယ်အိုတွေအတွက် စရိတ်လျှော့ပေးတာတွေ၊ အခမဲ့ဆေးကုပေးတာတွေကို မတွေ့ရသေးပါဘူး။

လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ပင်မလုပ်ငန်းကြီး (၈)ရပ်အနက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကို အဓိကလုပ်ငန်းကြီးတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားတဲ့ သက်ကြီးရွယ်အိုတို့ဘဝစိုပြည်လှပရေးဆိုင်ရာ အခြေခံမူတွေဖြစ်တဲ့ အမှီအခိုကင်း၍ လွတ်လပ်ခွင့် အပြည့်အဝရရှိရေး၊ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ အပြန်အလှန်ကူညီစောင့်ရှောက်မှုပြုရေး၊ မိမိကိုယ်တိုင် ပြည့်စွမ်းနိုင်ရေး၊ ဂုဏ်သိက္ခာရှိရှိရပ်တည်ခွင့်ရရှိရေးဆိုတဲ့ အချက်တွေကို သက်ကြီးရွယ်အိုတွေစံစား၊ ခံစားရရှိအောင် ဝိုင်းဝန်းဖြည့်ဆည်းကြရပါဦးမယ်။

ဒါ့အပြင် ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ ပြည်တွင်းက အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး သက်ကြီးရွယ်အိုဘဝမှာ ဝင်ငွေလုံလောက်မှုရှိဖို့၊ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုတွေ ခံယူစေဖို့၊ ရေရှည်ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်စေဖို့၊ အိမ်နှင့်ပတ်ဝန်းကျင်အတွင်း သက်ကြီးရွယ်အိုများနဲ့ လိုက်ဖက်ညီမှုရှိဖို့၊ သတင်းအချက်အလက်နဲ့ အသိပညာတွေ စဉ်ဆက်မပြတ်ရရှိစေဖို့ စတဲ့အခြေခံလိုအပ်ချက်တွေ ရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်ကြရဦးမယ်။

ဒီလိုဆောင်ရွက်ရာမှာ သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးမြှင့်တင်မှုနဲ့ ရောဂါကာကွယ်ရေး၊ သက်ကြီးရွယ်အိုများကို ကူညီထောက်ပံ့နေတဲ့ အဖွဲ့အစည်းများနဲ့ အစောင့်ရှောက်ခံသက်ကြီးရွယ်အိုများကို ဆက်သွယ်ပေးခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားများ ဝင်ငွေဖူလုံရေးနဲ့ အလုပ်အကိုင်ရရှိရေး၊ သက်ကြီးရွယ်အိုများအတွက် သင့်လျော်တဲ့ပတ်ဝန်းကျင် အခြေအနေဖန်တီးပေးခြင်းတွေကို ဆောင်ရွက်နေပါတယ်။ သို့ပေမယ့် ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင်တော့ အချိန်ယူ ကြိုးပမ်းကြရဦးမှာပါ။

သက်ကြီးရွယ်အိုဘဝရောက်ချိန်မှာတောင် ကိုယ့်မိသားစုအတွက် ပူပင်သောက ဗျာပါရများရတဲ့ ဘိုးဘွားတွေလည်း အများကြီးရှိပါတယ်။ ဒါ့ကြောင့် သက်ကြီးရွယ်အိုဆိုင်ရာမူဝါဒတွေရေးဆွဲရာမှာ သက်ကြီးများ အလုပ်အကိုင်ရရှိရေးနဲ့ ရန်ပုံငွေရရှိရေး နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။

သက်ကြီးရွယ်အို အချိုးအစားတိုးတက်မှုကြောင့် အချို့သော ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ လူမှုဖူလုံရေး ကိစ္စတွေမှာ အခက်အခဲတွေအများကြီး ရှိနေကြပါတယ်။ ဒီကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ ပိုမိုကောင်းမွန်တဲ့ နည်းပညာတွေရယူဖို့လိုသလို ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းတွေလည်း ပါဝင်လာဖို့လိုပါတယ်။ စီးပွားရေးကဏ္ဍမှာ လူငယ်လူရွယ်တွေ အလုပ်အကိုင်ရရှိရေးသာမက ပင်စင်စားကြီးတွေ၊ အခြားသက်ကြီးရွယ်အိုတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းပွင့်လန်းရေး အတွက်ပါ ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ ဒါမှသာ ကမ္ဘာနှင့်အဝန်း ပြောင်းလဲတိုးတက်မှုတွေနဲ့ လျော်ညီအောင် သက်ကြီးရွယ်အိုများအရေးကို ဖြေရှင်းပေးနိုင်မှာ ဖြစ်ပါတယ်။

သက်ကြီးတွေရဲ့ ဘဝစိုပြည်လှပရေးကိုဆောင်ရွက်ရာမှာ တစ်ဦးချင်းစီရဲ့ ကိုယ်ရည်ကိုယ်သွေး တိုးတက်ဖို့၊ တစ်ဦးချင်းစီရဲ့ အပြုအမူတွေ၊ ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေ၊ လူမှုရေးပင်စင်၊ လူမှုဖူလုံရေး၊ ကျန်းမာရေး စတာတွေမှာ နိုင်ငံတော်ပိုင်းရော၊ ပုဂ္ဂလိကပိုင်းကပါ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အလယ်အလတ်နဲ့ အကြီးစားပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများလည်း ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ဒါ့အပြင် သက်ကြီးရွယ်အိုတွေ ခံစားရတတ်တဲ့ နာတာရှည်ရောဂါများနဲ့ ပတ်သက်ရင်လည်း ရေရှည်ပြုစုစောင့်ရှောက်ရေးလုပ်ငန်း အစီအစဉ်တွေ ချမှတ်ဖို့ လိုအပ်ပါတယ်။ ကြိုတင်ကာကွယ်ခြင်းဟာ ဖြစ်လာမှကုသခြင်းထက်ပိုပြီး အကျိုးထိရောက်မှုရှိပါတယ်။ ဒါ့ကြောင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းတွေကို ပိုပြီးဆောင်ရွက်ကြမယ်ဆိုရင် လက်ရှိ သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဟာ အဆများစွာ သက်သာအဆင်ပြေနိုင်မှာ မလွဲပါဘူး။

မျှတတဲ့အစားအစာ စားတတ်မှုနဲ့ ကျန်းမာတဲ့လူနေမှုပုံစံပြောင်းပေးခြင်းဖြင့် ရှင်လန်းတက်ကြွတဲ့ သက်ကြီးရွယ်အိုဘဝကို တည်ဆောက်နိုင်အောင် မြှင့်တင်ပေးကြရမှာပါ။ သက်ကြီးရွယ်အိုများနဲ့ပတ်သက်တဲ့ လေ့လာဆန်းစစ်ချက်တွေကို အခါမလပ် ဆောင်ရွက်နိုင်မှသာ သက်ကြီးရွယ်အိုဆိုင်ရာ အရေးအရာတွေကို ကိုင်တွယ်ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

အနာဂတ်မှာ ကြုံတွေ့ရမယ့် သက်ကြီးရွယ်အိုနဲ့ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်တွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ အမျိုးသားအဆင့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဆောင်ရွက်မှသာ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စီးပွားရေးအသိုင်းအဝိုင်းများနဲ့လည်း ပူးပေါင်းဆောင်ရွက်ရမှာဖြစ်သလို ဇရာဗေဒဆိုင်ရာ အတတ်ပညာ (Gerontology)၊ သက်ကြီးရွယ်အို ကုသစောင့်ရှောက်မှုဆေးပညာ (Geriatrics) တွေကိုလည်း လေ့လာသင်ယူကြရဦးမှာ ဖြစ်ပါတယ်။

ကမ္ဘာ့လူဦးရေတိုးတက်များပြားလာမှုနဲ့အတူ သက်ကြီးရွယ်အိုစောင့်ရှောက်မှု ပြဿနာ၊ စားနပ်ရိက္ခာ မလုံလောက်မှု၊ ရေရှားပါးမှုနဲ့သဘာဝဘေးအန္တရာယ်တွေကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ဖို့ ကမ္ဘာ့နိုင်ငံအသီးသီးက ရင်ဆိုင်ဖြေရှင်းနိုင်အောင် အားထုတ်နေကြသလို မြန်မာနိုင်ငံကလည်း ကြိုးပမ်းကျော်လွှားကြရမှာဖြစ်ပါတယ်။

အထူးသဖြင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးကဏ္ဍမှာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ လျော်ညီအပ်စပ်တဲ့ သက်ကြီးရွယ်အိုဆိုင်ရာ မူဝါဒတွေ၊ အစီအမံတွေ၊ အစီအစဉ်တွေကို ဖော်ထုတ်ချမှတ်ကြရပါမယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေက သင့်မြတ်လျော်ကန်တဲ့ အတွေ့အကြုံ၊ အသိအမြင်တွေကိုလည်း ရယူဆောင်ရွက်ကြရပါဦးမယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ သားသမီးမြေးမြစ်တွေက သက်ကြီးရွယ်အိုဘိုးဘွားမိဘတွေအပေါ် အလေးအမြတ်ထားပြုစုစောင့်ရှောက်တတ်တဲ့ မြန်မာတို့ရဲ့ ချစ်စရာ့ဓလေ့ဓရိုက်ကိုလည်း ဆက်ပြီးထိန်းသိမ်းစောင့်ရှောက်ရင်း သက်ကြီးရွယ်အိုတွေရဲ့ ဘဝစိုပြည်လှပလာအောင် ကြိုးပမ်းဖန်တီးကြရမှာပါ။

- ကမ္ဘာအရပ်ရပ်က သက်ကြီးရွယ်အိုအပေါင်း သက်တော်ရာကျော်ရှည်ပါစေ။
- စိတ္တသုခ၊ ကာယသုခ၊ လူမှုသုခအပေါင်းနဲ့ ခညောင်း ပြည့်ဝကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။ ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁-၁၀-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ ပညာပေးဇာတ်လမ်းတို
- ၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ မြန်မာ့ရှုခင်း

**နေ့လယ်ပိုင်း**

- ၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
- ၁၁း၁၅ ၂။ အဖွင့်သီချင်း
- ၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၁၇)
- ၁၂း၀၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း**
- ၂း၀၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၂၀)**

**ညပိုင်း**

- ၄း၀၃ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၆ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၂၅ ၅။ သန့်စွာကိုင်လေစက္ကူငွေ
- ၄း၄၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၅၀ ၇။ ကုန်သွယ်သုတ
- ၅း၀၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ၉။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ စားဖို့ဆောင်ချစ်သူ
- ၆း၄၀ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၁၁)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ လူ့ရှင်တော်စတား
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြုဇာတ်လမ်း -အမှောင်ခွင်းမည့်အလင်းမြား (အပိုင်း-၁)
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ်အိပ်မက်လေးရယ် (အပိုင်း-၄၃) (ဇာတ်သိမ်း)**
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း(အပိုင်း-၈၂)**

## ဗဟန်းရွှေဂုံတိုင်လမ်း ခေတ္တပိတ်မည်

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ရန် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း (ဓမ္မစေတီလမ်းနှင့်အနောက်ရွှေဂုံတိုင်လမ်းအကြား)ကို လုပ်ငန်းအပြီးသတ် အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

**❖ ဓညဝတီမြို့ဟောင်းမှ**

မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူသည့်အတွက် နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာအား မှတ်တမ်းတင်အတည်ပြုသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက လျှပ်စစ်ကဏ္ဍဆိုင်ရာမေးခွန်း (၅)ခုကိုမေးမြန်းခဲ့ရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြန်လည်ဖြေကြားသည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်သို့ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးပေးသွားမည်ဟုသိရှိရပြီး အချို့နေရာတွင် ကွန်ကရစ်ဓာတ်တိုင်များစိုက်ထူထားသည်ကို တွေ့ရှိရသော်လည်း လုပ်ငန်းရပ်ဆိုင်းထားသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ ဒေသအမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ဆိုင်းထားသောလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ခြင်း ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွှေလီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားများကို ဒေသဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်ရန်နှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်နိုင်ရေး ရွှေလီ-မန်စံ-ရွှေစာရံ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၁၈၀)၊ မန်စံနှင့် ရွှေစာရံ ပင်မဓာတ်အားခွဲရုံများကို ၂၀၀၈ ခုနှစ်တွင် တည်ဆောက်ပြီး ဓာတ်အားပို့လွှတ်နိုင်ခဲ့ပါကြောင်း၊ ယင်းနောက် မန်စံ-လားရှိုး၊ မန်စံ-သီပေါ(၆၆)ကေဗွီ (၂)ထပ်ဓာတ်အားလိုင်းမှတစ်ဆင့် လားရှိုးမြို့နှင့် သီပေါမြို့ ပတ်ဝန်းကျင်ဒေသများကို နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ခဲ့ပါကြောင်း။

ယခုအခါ လားရှိုး-မိုင်းရယ်-တန့်ယန်း(၆၆)ကေဗွီဓာတ်အားလိုင်း(၇၉)မိုင်ကို ဆက်လက်တည်ဆောက်လျက်ရှိသော်လည်း နယ်မြေလုံခြုံရေးအခြေအနေအရ ခေတ္တရပ်ဆိုင်းနေခြင်းဖြစ်ပါကြောင်း၊ **ဝန်ကြီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရန်ပုံငွေသန်းပေါင်းမြောက်မြားစွာရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိသည့်နည်းတူ စီမံကိန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဖြစ်ရာ နယ်မြေဒေသဖွံ့ဖြိုးမှုအတွက် ဒေသရှိပြည်သူများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးကလည်း လိုအပ်သည်များ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါက အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးလာနိုင်မည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်သို့ ကျိုင်းတောင်း ရေအားလျှပ်စစ်မှ ဓာတ်အားပေးမည်ဟုကြားသိရသဖြင့် ဓာတ်အားပေးမည့်စီမံချက်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း စက်တပ်ဆင်အင်အား (၅၄)မဂ္ဂါဝပ်ပမာဏရှိသည့် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို အခက်အခဲအမျိုးမျိုးမှကျော်လွှားပြီး တည်ဆောက်ခဲ့ရာ ၂၀၀၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ဓာတ်အားပေးနိုင်ခဲ့ပါကြောင်း၊ လျှပ်စစ်ဓာတ်အားများကို လက်ခံဖြန့်ဖြူးပေးနိုင်ရေး ကျိုင်းတောင်း-နမ့်စန် (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း (၇၃ ဒသမ ၈၈)မိုင်နှင့် နမ့်စန်ပင်မဓာတ်အားခွဲရုံ (၁၃၂/၆၆/၁၁)ကေဗွီ၊ (၇၅) အမ်ဗွီအေတို့ကို တစ်ပြိုင်တည်းတည်ဆောက်ခဲ့ပြီး နမ့်စန်ပင်မဓာတ်အားခွဲရုံမှ စတင်လက်ခံ နိုင်ခဲ့ပါကြောင်း။

ထိုအချိန်မှစ၍ နမ့်စန်ပင်မဓာတ်အားခွဲရုံကိုဗဟိုပြု၍ နမ့်စန်-ပင်းပက်-ကလော၊ နမ့်စန်-မိုးနဲ-လင်းခေးဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို တည်ဆောက်ခဲ့ပါကြောင်း၊ ထို့ပြင် **နမ့်စန်-ခိုလန် (၆၆) ကေဗွီဓာတ်အားလိုင်းနှင့် ခိုလန်(၆၆/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတို့ကို ၂၀၁၀ ပြည့်နှစ်အတွင်း တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ဆက်လက်၍ ဓာတ်အားရောက်ရှိပြီးဖြစ်သည့် ခိုလန်(၆၆)ကေဗွီ ဓာတ်အားခွဲရုံမှတစ်ဆင့် ခိုလန်-ကွန်ဟိန်း(၆၆)ကေဗွီဓာတ်အားလိုင်း(၃၃)မိုင်တည်ဆောက်ပြီး ကွန်ဟိန်းတွင်(၆၆/၁၁) ကေဗွီ၊ (၅)အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ကာ ကွန်ဟိန်းမြို့နယ်အား မဟာဓာတ်အားလိုင်းစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း၏ **ကျေးလက်ဒေသဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဖော်ဆောင်ရာတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် အလွန်အရေးတကြီး လိုအပ်သောအရာဖြစ်သောကြောင့် ကျေးသီးမြို့နယ် မိုင်းနောင်မြို့နယ်ခွဲရှိ မိုင်းနန်စံပြကျေးရွာ၌ လျှပ်စစ်မီးသွယ်တန်းရရှိနိုင်မှုအခြေအနေ မည်သို့ရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ (၆၆)ကေဗွီ ဓာတ်အားလိုင်းဖြင့် ခိုလန်-ဝမ်ဆင်း-မိုင်းနောင် (၄၂)မိုင်၊ ခိုလန်-ဝမ်ဆင်း မိုင်(၂၀)အပိုင်းနှင့် ဝမ်ဆင်းတွင် (၆၆/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံကို ၁၉-၇-၂၀၁၁ ရက်တွင် ဓာတ်အားပို့လွှတ်ပြီးဖြစ်ပါကြောင်း၊ ဝမ်ဆင်း-မိုင်းနောင် (၆၆)ကေဗွီလိုင်း (၂၂)မိုင် တည်ဆောက်ရေးလုပ်ငန်းတွင် ကြိုးဆွဲခြင်းလုပ်ငန်း (၅)မိုင်ခန့်သာ ကျန်ရှိပါကြောင်း၊ ယင်းကိစ္စသည်လည်း လုံခြုံရေးအခြေအနေအရ နှောင့်နှေးနေရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားခွဲရုံ အဆောက်အအုံများ တည်ဆောက်ပြီးစီး၍ ဓာတ်အားခွဲရုံပစ္စည်းများ ဝယ်ယူဆောင်ရွက်လျက်ရှိရာ မကြာမီကာလအတွင်း လုပ်ငန်းများ အကောင်အထည်ပေါ်လာမည်ဖြစ်ပါကြောင်း၊ လက်ရှိမိုင်းနောင်မြို့နယ်ခွဲကို ဒီဇယ်ဓာတ်အားပေးစက် (၃၅)ကေဗွီအေတစ်လုံးဖြင့် ၁၅-၆-၂၀၀၄ ရက်မှစတင်၍ ဓာတ်အားပေးထားပါကြောင်း၊ မဟာဓာတ်အားလိုင်းစနစ်ရောက်ရှိပါက မိုင်းနောင်မြို့နယ်နှင့် အနီးဝန်းကျင်မှ ကျေးရွာများလည်း ဓာတ်အားသုံးစွဲနိုင်မည် ဖြစ်ပါကြောင်း။

**ယခုအခါ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးရာတွင် အဓိက ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကိုသာ ဦးစားပေးတည်ဆောက်ပေးလျက်ရှိနေပြီး ဓာတ်အားစနစ်မှ ဓာတ်အားရယူသုံးစွဲလိုသော ဒေသများ၊ ကျေးရွာများ၊ ပုဂ္ဂလိကများအနေဖြင့် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်လိုပါက ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီသာ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ မိုင်းနောင်ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်ပြီးပါက ယခု ဦးစိုင်းအွမ်ဆိုင်မိုင်းတင်ပြလာသော မိုင်းနန်ကျေးရွာအုပ်စုသို့ ဓာတ်အား ဆက်သွယ်ပို့လွှတ်ခွင့်ကို စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးနိုင်မည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့၏ **ပူတာအိုမြို့ လျှပ်စစ်မီးလုံလောက်စွာရရှိနိုင်ရန်အတွက် အသေးစားစက်ရုံတည်ဆောက်မည်ဆိုပါက ကုန်ကျစရိတ်သက်သာမည့်အပြင် လုပ်ငန်းပြီးစီးမှု မြန်ဆန်နိုင်မည်ဖြစ်ပါသောကြောင့် ပူတာအိုမြို့ လျှပ်စစ်မီးရရှိရေး နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ /မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပိုင် နမ့်ထွမ်ချောင်းရေအားလျှပ်စစ်စက်ရုံမှကီလိုဝပ်(၁၀၀) စက်(၂)လုံး၊ ဘူးခါးကုမ္ပဏီပိုင်(၇၅)ကီလိုဝပ် စက်(၂)လုံးနှင့် ဌာနပိုင်(၆၅)ကေဗွီအေ ဒီဇယ်မီးစက်များဖြင့် ပူတာအိုမြို့အား ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ပူတာအိုမြို့တွင် ရပ်ကွက်(၁၀)ခုရှိသည့်အနက် ရပ်ကွက်ပေါင်း(၈)ခုကို လက်ရှိဓာတ်အားလိုင်းများ တည်ဆောက်ထားရှိမှုနှင့် ဓာတ်အားထုတ်လုပ်မှုအပေါ် မူတည်ပြီး အချိန်ပိုင်းအလိုက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ထုံလီထုနှင့် ပါအင်ရပ်ကွက်(၂)ခုသည် မြို့နှင့်ဝေးကွာသည့်အတွက် ဓာတ်အားပေးနိုင်မှုမရှိသေးခြင်း ဖြစ်ပါကြောင်း။

**ပူတာအိုမြို့ပေါ်ရပ်ကွက်များ လျှပ်စစ်ဓာတ်အားကောင်းစွာ အသုံးပြုနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း System Improvement လုပ်ငန်းများအနေဖြင့် ဗို့အားကျဆင်းသောပန်းလှိုင်နှင့် ဟိုခိုရပ်ကွက်အတွက် (၁၁/၀ ဒသမ ၄)ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ဓာတ်အားလိုင်း တည်ဆောက်ခြင်း၊ လုံးစွတ်ရပ်ကွက်နှင့် လေယာဉ်ကွင်းရပ်ကွက်တွင် (၁၁/၀ ဒသမ ၄)ကေဗွီ (၁၆၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း၊ (၆၅)ကေဗွီအေ မီးစက်နေရာတွင် (၃၀၀)ကေဗွီအေ မီးစက်တစ်လုံးအစားထိုး တပ်ဆင်ခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဘူးခါးကုမ္ပဏီ၏ ရေအားလျှပ်စစ်စက်ရုံရှိ(၇၅)ကီလိုဝပ် စက်(၂)လုံးမှထုတ်လုပ်၍ ပိုလျှံသည့်ဓာတ်အားကို လေယာဉ်ကွင်းရပ်ကွက်နှင့် လုံးစွတ်ရပ်ကွက်များသို့ ပေးပို့နိုင်ရေးအတွက် ဘူးခါးကုမ္ပဏီနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ ပူတာအိုမြို့ပေါ် ရပ်ကွက်များအတွက် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပါကြောင်း။**

**လက်ရှိလျှပ်စစ်ဓာတ်အားထုတ်လွှတ်ပေးသည့် နမ့်ထွမ်ရေအားလျှပ်စစ် စက်ရုံ၏ အထက် (၁)မိုင်ခန့်အကွာ၊ ပူတာအိုမြို့နှင့် (၁၀)မိုင်ခန့်အကွာတွင် ၂၀၀၆ ခုနှစ် အောက်တိုဘာအတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် တိုင်းတာမှုများ ဆောင်ရွက်ခဲ့သည်ကို သိရှိရပါကြောင်း၊ မြေပြင်စူးစမ်းလေ့လာမှုများ ဆောင်ရွက်ပြီးဖြစ်သော်လည်း ဇလဗေဒဆိုင်ရာစူးစမ်းလေ့လာမှုနှင့် ဘူမိဗေဒဆိုင်ရာစူးစမ်းလေ့လာမှုများကို ဆောင်ရွက်ဆဲဖြစ်သည်ကို သိရှိရပါကြောင်း၊ စူးစမ်းလေ့လာမှုများမှရရှိသော အချက်အလက်များကိုအခြေခံ၍ ဖြစ်မြောက်နိုင်စွမ်းရှိပါက နိုင်ငံတော်သို့ ရန်ပုံငွေတင်ပြတောင်းခံပြီး ဦးစားပေးအလိုက်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်ကိုလည်း သိရှိရပါကြောင်း၊ အဆိုပါရေလှောင်တမံနှင့် အသေးစားရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ပေါ်လာပါက ပူတာအိုမြို့တွင် လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးလာနိုင်မည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်းရှိ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၁၅)ရပ်ကွက်နှင့် အမှတ်(၂၀)ရပ်ကွက်တို့ကို လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးရန်နှင့် မည်သည့်ကာလတွင် ဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၄)ရပ်ကွက်အတွင်း လူနေအနည်းငယ်သိပ်သည်းမှုရှိသည့်နေရာအား အမှတ်(၃)ရပ်ကွက် နွယ်သာကီလမ်းနှင့် အာဇာနည်ပတ်လမ်းထောင့်ရှိ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ပိုင် (၃၀၀)ကေဗွီအေ ထရန်စဖော်မာမှ ဓာတ်အားဖြန့်ဖြူးပေးထားသော (၄၀၀)ဗို့ဓာတ်အားလိုင်းမှတစ်ဆင့် သတ်မှတ်ဆားဗစ်ကြိုးပေ (၃၀၀)အတွင်းမီသည့် အိမ်ခြေ(၁၆)လုံးအား အိမ်သုံးမီတာတပ်ဆင်အသုံးပြုစေခဲ့ပြီး ဖြစ်ပါကြောင်း၊ ရပ်ကွက်အတွင်း လူနေသိပ်သည်းမှုမရှိဘဲ ပြန့်ကျဲစွာနေထိုင်ကြရာ လျှပ်စစ်ဓာတ်အားကျယ်ပြန့်စွာ ဖြန့်ဖြူးပေးနိုင်ရန် ကုန်ကျစရိတ် အလွန်များနိုင်သည့်အတွက် လောလောဆယ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်များအတွင်း စီစဉ်ဆောင်ရွက်နိုင်ရေး လျာထားသွားမည်ဖြစ်ပါကြောင်း။

တိုးချဲ့အမှတ်(၁၅)ရပ်ကွက်၌ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် အင်းစိန်မြို့နယ် သံမဏိစက်ရုံဝင်းမှ ပြောင်းရွှေ့နေရာချထားပေးသော အိမ်ခြေ(၁၂၄)လုံး လူဦးရေ(၅၂၀၀)ခန့် နေထိုင်လျက်ရှိသည်ကိုသိရပါကြောင်း၊ အဆိုပါတိုးချဲ့ရပ်ကွက်တစ်ခုလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ (၁၁) ကေဗွီဓာတ်အားလိုင်း(၁)မိုင် တိုးချဲ့တည်ဆောက်ခြင်း၊ (၁၁-၆ ဒသမ ၆/၀ ဒသမ ၄) ကေဗွီ၊ (၃၁၅)ကေဗွီအေ ထရန်စဖော်မာ(၁)လုံး တည်ဆောက်ခြင်း၊ (၄၀၀)ဗို့ဓာတ်အားလိုင်း(၁)မိုင် တိုးချဲ့တည်ဆောက်ခြင်းတို့ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားချက်တွင် ထည့်သွင်းတောင်းခံသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။



ကျောက်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာစိန် မေးမြန်းစဉ်။ (သတင်းစဉ်)

**အမှတ်(၂၀)ရပ်ကွက်မှ အိမ်ထောင်စုဦးရေ(၁၃၂၈)အနက် အလွယ်တကူ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်သော အိမ်ထောင်စုဦးရေ(၁၂၆)စုကို အမှတ်(၁၉)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးကော်မတီပိုင်(၁၁-၆ ဒသမ ၆/၀ ဒသမ ၄) ကေဗွီ၊ (၅၀၀)ကေဗွီအေ ထရန်စဖော်မာ၏ (၄၀၀)ဗို့ဓာတ်အားလိုင်းများမှ တစ်ဆင့် အိမ်သုံးမီတာများတပ်ဆင်ပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ကျန်အိမ်ထောင်စုများ ဓာတ်အားရရှိရေးအတွက် လိုအပ်သော ထရန်စဖော်မာ၊ ဓာတ်အားလိုင်းနှင့် ဆက်စပ်ပစ္စည်းများကို ရပ်ကွက်နေပြည်သူများက ကိုယ့်အားကိုယ်ကိုးပူးပေါင်းကျခံသွားရန် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပြီး ဌာနက နည်းပညာအကူအညီများပေးကာ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်၍ မီးလင်းနိုင်ရေးအတွက် အမြန်ဆုံး ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုကို မေးမြန်းခဲ့ရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်စန္ဒာခင်က ပြန်လည်ဖြေကြားသည်။

ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်၏ **ဓညဝတီခေတ် နန်းတော်မြို့ရိုးမှာ ယခုအထိ မဟာမြတ်မုနိဘုရားဝင်း၏ တောင်ဘက်မြေပေါ်တွင် ထင်ရှားစွာ မြင်တွေ့နိုင်သော အနေအထားတွင်ရှိပါကြောင်း၊ နန်းတော်ရာနှင့်အခြားသော အဆောက်အအုံတို့ကို ထိန်းသိမ်းစောင့်ရှောက်သူ မရှိသောကြောင့် ယဉ်ကျေးမှုအမွေအနှစ်နှင့် သာသနာရေးဆိုင်ရာ အမွေအနှစ်များမှာ မြေကြီးများဖုံးလွှမ်းကာ တစ်စတစ်စ ပျောက်ကွယ်ခဲ့ပါကြောင်း၊ လက်ရှိတွေ့မြင်နေရသော ဓညဝတီမြို့ရိုးမှစ၍ ဆက်လက်တူးဖော်ပါက ဓညဝတီခေတ်နန်းတော်ရာ၊ မြို့တော်ရာ သမိုင်းအမွေအနှစ်များကိုလည်း တွေ့မြင်နိုင်မည်ဟု ယူဆပါကြောင်း၊ ဤသို့ ယဉ်ကျေးမှုဖော်ထုတ်ခြင်း၊ တူးဖော်ခြင်းသည် ရခိုင်တိုင်းရင်းသားများအတွက်သာမက မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအနေဖြင့် တွေ့မြင်နိုင်မည်ဖြစ်သောကြောင့် ဖော်ပြခဲ့သော ယဉ်ကျေးမှုနယ်မြေများကို နိုင်ငံတော်က ဦးဆောင်ထိန်းသိမ်းတူးဖော်ရန် အစီအစဉ် ရှိ /မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံအနှံ့အပြားရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ တူးဖော်သုတေသနပြုလုပ်ခြင်းများကို နိုင်ငံတော်အဆင့်မူဝါဒများချမှတ်၍ နှစ်ရှည်နှင့် နှစ်စဉ် စီမံချက်များ စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းရာတွင် ဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းသတ်မှတ်ချက်၊ သတိပေးတားမြစ်ချက်များ ထုတ်ပြန်ပြီး ဒေသခံပြည်သူလူထုကို အသိပညာပေး၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မူလပုံသဏ္ဌာန် လက်ရာမပျက်စေရေးကို ဂရုပြု၍ အဆောက်အအုံပိုင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် အနုလက်ရာများဖြစ်သော နံရံဆေးရေးပန်းချီ၊ အင်္ဂတေပန်းတော့၊ ကျောက်ပန်းတမော့၊ စဉ့်ကွင်းစဉ့်ချပ်များ၊ သစ်သားပန်းပုလက်ရာများ စသည့် ယဉ်ကျေးမှုအမွေအနှစ်များကို အရှည်တည်တံ့ခိုင်မြဲစေရန် စနစ်တကျထိန်းသိမ်းလျက်ရှိပါကြောင်း။

**ပြုပြင်ထိန်းသိမ်းရာတွင်လည်း ပြည်တွင်း/ပြည်ပတွင် ရှေးဟောင်းအဆောက်အအုံနှင့် အနုပညာလက်ရာ ပြုပြင်ထိန်းသိမ်းရေးအတွက် ခေတ်မီပညာရပ်များ စနစ်တကျလေ့ကျင့်သင်ကြားခဲ့သော ဌာနမှ ပညာရှင်များ၊ Non-Profit Organization များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများရှိ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးပညာရှင်များနှင့်ပူးပေါင်း၍ အကြံဉာဏ်များရယူဆွေးနွေးကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့သို့ဆောင်ရွက်ရာတွင်လည်း ခေတ်ကာလအရ တန်ဖိုးမြင့်မားခြင်း၊ သမိုင်းဆိုင်ရာ အထောက်အထားများအရ အရေးပါခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းမြင့်မားခြင်း၊ ဗိသုကာနှင့် အနုပညာလက်ရာများ ထူးခြားကောင်းမွန်ခြင်း စသည့် အချက်များအပေါ် စိစစ်အခြေပြု၍ ဦးစားပေးအဆင့်များသတ်မှတ်ကာ နိုင်ငံတော်ဘတ်ဂျက်လျာထားတောင်းခံ၍ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။**



ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ထိုသို့သောမူများနှင့်အညီ ဓညဝတီမြို့ဟောင်းတူးဖော်ထိန်းသိမ်းမှုကိုလည်း ဌာနကစနစ်တကျ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဘီစီ ၃၃၂၅ တွင် မာရယုမင်းသည် ပထမဓညဝတီခေတ်ကိုလည်းကောင်း၊ ဘီစီ ၁၅၀၇ တွင် ကံရာဇာကြီးမင်းသည် ဒုတိယဓညဝတီခေတ်ကို လည်းကောင်း၊ ဘီစီ ၅၈၀ တွင် စန္ဒသူရိယမင်းသည် တတိယဓညဝတီခေတ်ကိုလည်းကောင်း တည်ထောင်ခဲ့သည်ကို ရခိုင်ရာဇဝင်များတွင် ဖော်ပြထားပါကြောင်း၊ သို့ဖြစ်၍ ၂၀၀၅ ခုနှစ်နှင့်၂၀၀၆ ခုနှစ်တွင် ဒုတိယဓညဝတီတည်ရှိသည်ဟုဆိုသော နီလာ ပန်းတောင်း၊ ကျောက်ပန်းတောင်းသို့ မြောက်ဦးရှေးဟောင်းသုတေသနဌာနခွဲက (၂)ကြိမ် ကွင်းဆင်းလေ့လာရှာဖွေခဲ့ပါကြောင်း၊ ဆက်လက်၍ တတိယဓညဝတီမြို့ဟောင်းတည်ရှိသည့် မဟာမြတ်မုနိဘုရားပတ်ဝန်းကျင်အား ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံတို့မှ အသေးစိတ်လေ့လာသကဲ့သို့ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တွင် မြေပြင်ပေါ်ကွင်းဆင်းလေ့လာခြင်းကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါကြောင်း။

စန္ဒသူရိယမင်းတည်ထောင်ခဲ့သော တတိယ ဓညဝတီမြို့ဟောင်းသည် ကျောက်တော်မြို့နယ်ရှိ မဟာမြတ်မုနိဘုရားကြီးအားဗဟိုပြု၍ မဝိုင်းတဝိုင်းမြို့ရိုး၊ ကျုံးများရှိကြောင်းလေ့လာတွေ့ရှိခဲ့သဖြင့် မြောက်ဦးရှေးဟောင်းသုတေသနခွဲက ဓညဝတီမြို့ဟောင်းတူးဖော်သုတေသနလုပ်ငန်းကို ၂၇-၇-၂၀၀၃မှ ၂၉-၂-၂၀၀၄ အထိ နန်းမြို့ရိုးဝင်ပေါက်၊ နန်းတော်ရာအပါအဝင် တူးဖော်မှုကုန်း(၄)ကုန်း၊ မြို့ဝင်ပေါက်များ၊ အပြင် မြို့ရိုးနှင့်အတွင်းမြို့ရိုးနေရာများ၊ မြို့ထောင့်များ၊ အတွင်းနန်းတော်မာရဘင် အုတ်ရိုးတန်းနေရာများအပါအဝင် စမ်းသပ်တူးဖော်မှု (၁၃)နေရာကိုပါ တူးဖော်သုတေသနပြုခဲ့ရာ ဓညဝတီမြို့ဟောင်းသည် မြို့ရိုး(၃)ထပ်ရှိပါကြောင်း၊ မြို့ရိုး(၃)ထပ်စလုံးအား အုတ်ဖြင့်တည်ဆောက်ထားသည်ကို တူးဖော်သုတေသနပြု တွေ့ရှိခဲ့ပါကြောင်း။

တူးဖော်သုတေသနပြုခဲ့သော ဓညဝတီမြို့ဟောင်းအရှေ့ဘက် နန်းမြို့ရိုးဝင်ပေါက်အား ဌာနက တူးဖော်ပြီးစီးသည့် ၂၀၀၄ ခုနှစ်ကပင် ပျက်စီးမှုမရှိစေရန်အတွက် မူလပုံသဏ္ဌာန်မပျက် ထိန်းသိမ်းရေးဆောင်ရွက်ခဲ့ပြီး ဆိုင်းဘုတ်စိုက်ထူခြင်းပါ စနစ်တကျ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ နှစ်စဉ်လည်း ထိန်းသိမ်းစောင့်ရှောက်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓညဝတီမြို့ဟောင်း၏ အလယ်ခန့်၌ တည်ရှိသော မဟာမြတ်မုနိဘုရား ပရဝဏ်အတွင်း၌ ပြတိုက်တစ်ခုဖွင့်လှစ်ထားပါကြောင်း။

**ဓညဝတီမြို့ဟောင်းတူးဖော်သုတေသနလုပ်ငန်းနှင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်လည်း အစီအစဉ်ရှိပါကြောင်း၊ ဓညဝတီမြို့ဟောင်းသည် နိုင်ငံတော်က ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ထိန်းသိမ်းလျက်ရှိသည့် နယ်မြေဒေသ (၃၇)ခုတွင် မပါဝင်သေးသဖြင့် ဓညဝတီမြို့ဟောင်းအား ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ထိန်းသိမ်းသွားရန် အစီအစဉ်ရှိပါကြောင်း၊ ထိုသို့ သတ်မှတ်ပြီးနောက် နိုင်ငံတော်ကကာကွယ်ထိန်းသိမ်းသည့် အဆင့်(၃)ဆင့်အနက် သင့်လျော်သည့်အဆင့်ဖြင့် လိုအပ်သလို ခွဲခြားသတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဓညဝတီမြို့ဟောင်းအပြင် ဝေသာလီမြို့ဟောင်းနှင့် အခြားအလားတူကာကွယ်ထိန်းသိမ်းစောင့်ရှောက်သင့်သော ရှေးဟောင်းနေရာများကိုလည်း ယဉ်ကျေးမှုအမွေအနှစ်ဒေသများအဖြစ်သတ်မှတ်၍ နိုင်ငံတော်က တစ်ဆင့်ပြီးတစ်ဆင့် ကာကွယ်ထိန်းသိမ်းသွားရန် အစီအစဉ်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း၏ **ယဉ်ကျေးမှုတက္ကသိုလ် တက်ရောက်နိုင်ခြင်း မရှိသူများအတွက် အဆို၊ အတီး၊ အကများကို ယခင်ပန်တျာကျောင်းများနည်းတူ အချိန်ပိုင်း ညနေသင်တန်းများ ဖွင့်လှစ်ရန် အစီအစဉ်ရှိ /မရှိ၊ နိုင်ငံတော်အဆင့်ကျင်းပသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် မျိုးဆက်သစ်အငြိမ့်ပြိုင်ပွဲများကို ထည့်သွင်းပေးရန်အစီအစဉ် ရှိ /မရှိ၊ ၂၀၁၀ ပြည့်နှစ်က ယဉ်ကျေးမှုကဇာတ်ဌာနမှ ဂန္ထဝင်ဇာတ်ကြီးများဖြစ်ကြသော ဗုဒ္ဓဖွားတော်မူခန်းနှင့် သဒ္ဓါသုမနဇာတ်တော်ကြီးများကို ရန်ကုန်နှင့်မန္တလေးမြို့များတွင် ဖျော်ဖြေတင်ဆက်ခဲ့ရာ အလွန်နှစ်မြို့ကြသဖြင့် အခြားဂန္ထဝင်ဇာတ်တော်ကြီးများကိုလည်း ပြန်လည်ကပြရန် အစီအစဉ် ရှိ /မရှိနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များသို့ လှည့်လည်ဖျော်ဖြေရန် အစီအစဉ် ရှိ /မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပန်တျာကျောင်းများနှင့် ပန်းချီပန်းပုကျောင်းများကို ၁၉၅၂ ခုနှစ်နှင့် ၁၉၅၃ ခုနှစ်တို့တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ဖွင့်လှစ်ခဲ့ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှစ၍ အဆိုပါကျောင်းများကို အနုပညာအထက်တန်းကျောင်းများဟု ပြင်ဆင်ခေါ်ဆိုခဲ့ပါကြောင်း၊ ၁၉၆၂ ခုနှစ်တွင် အဆိုပါကျောင်းများ၌ ညနေပိုင်းသင်တန်းကို ဖွင့်လှစ်သင်ကြားခဲ့ပါကြောင်း၊ နေ့သင်တန်းနှင့် ညနေပိုင်းသင်တန်းများသည် သင်ရိုးညွှန်းတမ်းအတူတူဖြစ်သော်လည်း သင်ကြားချိန်ကွာခြားမှုကြောင့် ညနေပိုင်းသင်တန်းသားများ၏ သင်ယူတတ်မြောက်မှုနှင့် အနုပညာအရည်အသွေးပြည့်ဝမှု မရှိသည်ကို ဆန်းစစ်တွေ့ရှိရခြင်း၊ ၁၉၈၅ ခုနှစ်နောက်ပိုင်းတွင် အဆို/အက/အတီးပညာနှင့် ပန်းချီပညာ သင်ကြားပေးသည့် ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်လာကြခြင်းနှင့် တက်ရောက်သင်ကြားလိုသူ သင်တန်းသား နည်းပါးလာခြင်းတို့ကြောင့် ၁၉၈၇ ခုနှစ်မှစတင်၍ ညနေပိုင်းသင်တန်းများကို ရပ်ဆိုင်းခဲ့ပါကြောင်း။

သို့သော်လည်း ညနေပိုင်းသင်တန်းများအစား ၂၀၀၉ ခုနှစ် မတ်လမှ စတင်ကာ အနုပညာအထက်တန်းကျောင်းများ၌ နွေရာသီသင်တန်းများကိုဖွင့်လှစ်ပေးခဲ့ပြီး ပန်းချီ/အက/အဆိုနှင့် အတီးသင်တန်းများကို **စာမျက်နှာ ၇ ကော်လံ ၁ သို့**

❒ စာမျက်နှာ ၆ မှ

သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ နွေရာသီသင်တန်းကို နှစ်စဉ် တက်ရောက်နေသူများအား အခြေခံအဆင့်၊ တန်းမြင့်အဆင့်၊ သင်ရိုးကုန်အဆင့် စသည့် သင်ရိုးအဆင့်များ အလိုက် သင်ကြားပေးလျက်ရှိပြီး သင်ရိုးပြီးဆုံးသည့်အခါ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်၍ အသိအမှတ်ပြုပေးလျက်ရှိပါကြောင်း။

သို့ဖြစ်၍ **အနုပညာဘာသာရပ်များအား လေ့လာဆည်းပူးလိုသူများအတွက် အနုပညာအထက်တန်းကျောင်းများ၌ ညနေပိုင်းသင်တန်းအစား နွေရာသီသင်တန်းများအား ဖွင့်လှစ်ထားရှိပါကြောင်း။**

ယဉ်ကျေးမှုဝန်ကြီးဌာနသည် နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာ ဆိုကရေးတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပါကြောင်း၊ ပြိုင်ပွဲစတင်ချိန်က အဆို(မဟာဂီတ)၊ အက၊ အရေး၊ အတီး(စောင်း၊ ပတ္တလား၊ နှဲ၊ ဆိုင်းဝိုင်း)တို့ကို ယှဉ်ပြိုင်စေခဲ့ပါကြောင်း၊ ၁၉၉၄ ခုနှစ် ဒုတိယအကြိမ်ပြိုင်ပွဲတွင် တိုးချဲ့ယှဉ်ပြိုင်လာခဲ့သည့် ဘာသာရပ်များမှာ အဆိုတွင် မဟာဂီတ၊ ဓမ္မတေး၊ ကာလပေါ်၊ အက၊ အရေး၊ အတီး(စောင်း၊ ပတ္တလား၊ ဆိုင်းဝိုင်း၊ နှဲ၊ စန္ဒရား၊ တယော၊ ဆိုင်းဝိုင်းတီးအဖွဲ့လိုက်၊ အိုးစည်ဒိုးပတ်) ပြိုင်ပွဲများ တိုးချဲ့ ပါဝင်ယှဉ်ပြိုင်စေခဲ့ပါကြောင်း၊ ၁၉၉၇ ခုနှစ်တွင် ရုပ်သေးကြိုးဆွဲပြိုင်ပွဲနှင့် ဇာတ်တော်ကြီးပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပပေးခဲ့ပါကြောင်း၊ ၁၉၉၈ ခုနှစ်တွင် ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို တိုးချဲ့ကျင်းပပေးခဲ့ပါကြောင်း၊ ထိုမှ အတီးဘာသာရပ်တွင်လည်း တူရိယာ(၁၂)မျိုးအထိ တိုးချဲ့ယှဉ်ပြိုင်စေခဲ့ပါကြောင်း၊ ၂၀၀၇ ခုနှစ် (၁၅) ကြိမ်မြောက်ပြိုင်ပွဲမှ စတင်ကာ ရှားပါးပျောက်ကွယ်စပြုလာသော ကွက်စိပ်ပြိုင်ပွဲကို ထည့်သွင်းကျင်းပပေးခဲ့ပြီး ပြဇာတ်ကောင်းများ ထွက်ပေါ်ရေးကို ရည်ရွယ်ကာ ပြဇာတ်ပြိုင်ပွဲကိုလည်း ကျင်းပပေးခဲ့ပါကြောင်း။

**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ တိုးချဲ့ကျင်းပရာတွင် သမ္မာရင့်၊ ဝါရင့်ပညာရှင်ကြီးများ၏ အကြံအား၊ ဉာဏ်အားကိုရယူကာ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုစစ်စစ်ဖြစ်ခြင်း၊ ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ မြှင့်တင်ခြင်းတို့ဖြင့် အကျိုးရလဒ်ကောင်းများစွာ ရရှိခြင်း စသည့် အချက်များကို ထည့်သွင်းစဉ်းစားခြင်း ဖြစ်ပါကြောင်း။**

**ထို့ကြောင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် မြန်မာ့ရိုးရာ အနုပညာရပ်များအား နှစ်အလိုက်တိုးချဲ့ထည့်သွင်းယှဉ်ပြိုင်စေလျက်ရှိပါသဖြင့် နောင်နှစ်များတွင် အခြေအနေပေးလျှင်ပေးသလို အငြိမ့်ဘာသာရပ်သာမက အခြားသော အနုပညာဘာသာရပ်များကိုလည်း ထည့်သွင်းကျင်းပပေးသွားမည်ဖြစ်ပါကြောင်း။**

ယဉ်ကျေးမှုဝန်ကြီးဌာနသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမ ပညာရပ်များဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီး၊ ဇာတ်သဘင်၊ ပြဇာတ်၊ ယိမ်း၊ အငြိမ့်၊ ဇာတ်တော်ကြီးများ၊ တိုင်းရင်းသားရိုးရာ အက၊ ဂီတများကို စဉ်ဆက်မပြတ် ဖော်ထုတ်ထိန်းသိမ်းပြီး တိုးတက်ပြန့်ပွားရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဖျော်ဖြေရင်းမြှင့်တင်၊ မြှင့်တင်ရင်းထိန်းသိမ်း၊ ထိန်းသိမ်းရင်းဖျော်ဖြေခြင်းလုပ်ငန်းများကို ပြည်တွင်းသာမက ပြည်ပသို့ပါ ထိုးဖောက်နေရာယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့သဘင်လောက၌ နေတစ်ဆူ၊ လတစ်ဆူပမာ ထင်ရှားခဲ့ကြသော အလင်္ကာကျော်စွာ ဦးရွှေမန်းတင်မောင်၊ ရွှေကျီးညို-ပဲခူးမြ၊ ဦးအောင်မောင်း-ပဲခူးမြတို့၏ ဇာတ်ထုပ်၊ ဇာတ်လမ်းများကို စဉ်ဆက်မပြတ်ဖော်ထုတ်လေ့ကျင့်လျက်ရှိပြီး အလင်္ကာကျော်စွာ ဦးရွှေမန်းတင်မောင်၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်းနှင့် ရွှေကျီးညို-ပဲခူးမြတို့၏ သဒ္ဓါသုမနဇာတ်တော်ကြီးများကို ၂၀၁၀ ပြည့်နှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းတို့တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများပြည်သူများသို့ ကပြဖျော်ဖြေခဲ့ပါကြောင်း။

**ထို့ပြင် အလင်္ကာကျော်စွာ ဦးရွှေမန်းတင်မောင်၏ မဟာဗုဒ္ဓဝင်တောထွက်ခန်း၊ လေးတော်တင်ခန်း၊ လက်ဝဲသုန္ဒရဇာတ်တော်ကြီးများနှင့် မောင်မှူးပြဇာတ်တို့ကိုလည်းကောင်း၊ အငြိမ့်ပွဲများ၊ ပဒေသာကပွဲများနှင့် အခြားဖျော်ဖြေရေးများကိုလည်းကောင်း စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆက်သွယ်ညှိနှိုင်းကမ်းလှမ်းလာပါက နေရာဒေသအပေါ် မူတည်၍ လည်းကောင်း၊ ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်အပေါ် မူတည်၍ လည်းကောင်း ထိုက်သင့်သည့် နှုန်းထားဖြင့် လှည့်လည်တင်ဆက်ဖျော်ဖြေရန် အစီအစဉ်များရှိပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ၏ **ရုပ်ရှင်၊ ဂီတ၊ သဘင်ရသစုံပါဝင်သော ဗီဒီယို၊ ရုပ်ရှင် ဇာတ်ကားကြီးများ၊ သီချင်းခွေနှင့် အငြိမ့်ခွေများအား ခိုးကူးယူ၍ ဆင်ဆာမဲ့အခွေများအဖြစ် တရားမဝင် ငှားရမ်း၊ ပြသ၊ ရောင်းချနေမှုများနှင့် ပတ်သက်၍ ၁၉၉၆ခုနှစ် မြန်မာ့ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ပြစ်ဒဏ်သည် ယခုအခါတွင် ထိရောက်သော ပြစ်ဒဏ်ချမှတ်မှု လုံလောက်ခြင်းရှိ / မရှိနှင့် နောက်ထပ် ထိရောက်စွာ ဟန့်တားနိုင်သည့် ပြစ်ဒဏ်များချမှတ်နိုင်ရန် ရှိ / မရှိတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု အပါအဝင် အနုပညာအမွေအနှစ်များ၊ ဘာသာရေး၊ လူမှုရေးစသော အမျိုးသားယဉ်ကျေးမှု ထုံးဓလေ့အစဉ်အလာကောင်းများ အလွန်ကြွယ်ဝသည့်နိုင်ငံ ဖြစ်ပါကြောင်း၊ ထိုအနုပညာ အမွေအနှစ်နှင့် ယဉ်ကျေးမှုထုံးဓလေ့ အစဉ်အလာကောင်းများသည် မြန်မာလူမျိုးတို့၏ ထင်ရှားခမ်းနားသည့် ကိုယ်ပိုင်စရိုက်လက္ခဏာများအဖြစ် ကမ္ဘာ့အလယ်၌ဝင့်ထည်စွာ ရပ်တည်နိုင်အောင် အထောက်အကူပြုလျက် ရှိပါကြောင်း။

**ယနေ့ ရုပ်ရှင်၊ ဗီဒီယို၊ ဂီတစသော အနုပညာထုတ်လုပ်မှုများသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို အခြေခံပြီး မြန်မာပြည်သူများအနေဖြင့် အနုပညာရသများမွေ့လျော် ခံစားနိုင်အောင် ဖျော်ဖြေမှုပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီး ဌာနအနေဖြင့်လည်း မိမိတို့လူမျိုး၏ခမ်းနားထည်ဝါခဲ့သော ရိုးရာယဉ်ကျေးမှုထုံးဓလေ့ အစဉ်အလာများ ပျောက်ကွယ်မှေးမှိန်မသွားစေရအောင်၊ အရိုးပေါ် အရွက်မဖုံးစေဘဲ ဆက်လက်ရှင်သန်နိုင်အောင် ရည်ရွယ်ပြီး လက်ရှိ ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းများ ထုတ်လုပ်မှုအပေါ် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရာတွင် မြန်မာ့ယဉ်ကျေးမှုကို အခြေခံပြီး တီထွင်မှု၊ ဆန်းသစ်မှု၊ ဖန်တီးမှုများနှင့်ပေါင်းစပ်ကာ အဆင့်မီသည့်ဖျော်ဖြေတင်ဆက်မှုများ ဖြစ်လာအောင် ရုပ်ရှင်၊ ဗီဒီယိုလောကသားများအပေါ် အားပေးကူညီလျက်ရှိပါကြောင်း၊ တစ်ဖက်ကအားပေးကူညီနေသကဲ့သို့ အခြားတစ်ဖက်ကလည်း ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ထိန်းသိမ်းခြင်း၊ ပညာပေးအရေးယူခြင်း များကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။**

ကြပ်မတ်ထိန်းသိမ်းမှုအပိုင်းတွင် အပိုင်းနှစ်ပိုင်းခွဲပြီး စနစ်တကျထိန်းသိမ်းကြပ်မတ် လျက်ရှိပါကြောင်း၊ ပထမပိုင်းသည် အမျိုးသားယဉ်ကျေးမှုဓလေ့စရိုက်များ မှေးမှိန် ပျောက်ပျက်မသွားရအောင် ထိန်းသိမ်းပေးခြင်းဖြစ်ပြီး ဒုတိယအပိုင်းသည် တိုင်းတစ်ပါး သရုပ်ပျက်ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်မလာအောင် သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကြပ်မတ်ထိန်းသိမ်းခြင်း ဖြစ်ပါကြောင်း။

**ယခုအခါ ရုပ်ရှင်၊ ဗီဒီယို၊ ဂီတထုတ်လုပ်သူများအနေဖြင့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ထိပါးစေသည့် ရိုက်ကူး၊ ထုတ်လုပ်၊ ပြသမှုများရှိနေသကဲ့သို့ အချို့သောစီးပွားရေးသမားများကလည်း သူတစ်ပါးရိုက်ကူးထုတ်လုပ်ထားမှုများကို တရားမဝင်ခိုးကူးရောင်းချခြင်းများ၊ ပြည်ပမှတရားမဝင် ဆင်ဆာမဲ့ အခွေများ၊ ညစ်ညမ်း အခွေများကိုတင်သွင်း၍ တရားမဝင်ဖြန့်ချိခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့စည်းကမ်းဖောက်ဖျက်မှုများကို ပြန်ကြားရေးဝန်ကြီးဌာန နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့က ဖွဲ့စည်းတာဝန်ပေးထားသော ပုဂ္ဂိုလ်များ၊ ဒေသ အုပ်ချုပ်ရေးအာဏာပိုင်များနှင့် ပူးပေါင်းပြီး ဖွဲ့စည်းထားသည့် ဗီဒီယိုလုပ်ငန်း စိစစ် ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်တို့က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြပ်မတ် ဖမ်းဆီးထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။**

သို့သော် ယင်းသို့ထိန်းသိမ်းအရေးယူဆောင်ရွက်ရာတွင် ပြစ်မှုကျူးလွန်တိုင်း ကျူးလွန်သူ ပြည်သူကို ဖမ်းဆီးထောင်ချပါက ၎င်းတို့အနေဖြင့် ထောင်ကျပြီး ကြီးမားသော နစ်နာမှုများမဖြစ်ရအောင် ဖမ်းဆီးကြပ်မတ်သည့် အဖွဲ့အနေဖြင့် သာမန်ကျူးလွန် သူများကို ထုတ်ပြန်ထားသောအမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ သတိပေးခြင်း၊ ငွေဒဏ်သတ်မှတ်ခြင်းများဖြင့်သာ သက်ညှာစွာအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျူးလွန်သောပြစ်မှုကြီးမားသူများကို တရားရုံးသို့ပို့ပြီး သက်ဆိုင်ရာဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်လျက်ရှိပါကြောင်း။

**ထိုသို့ တရားစွဲဆိုရာတွင် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ဥပဒေပုဒ်မ ၃၂၊ ၃၃ တို့နှင့် တရားစွဲဆို အရေးယူလျက်ရှိပါကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ၂၉-၇-၁၉၉၆ ရက်တွင် ဥပဒေအမှတ် (၈/၉၆)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး အဆိုပါဥပဒေပါ ပုဒ်မ ၃၂၊ ၃၃ တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်သိန်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် အရေးယူနိုင်သည်ကို ဖော်ပြပါရှိပါကြောင်း။**

သို့သော် တစ်နိုင်ငံလုံး၌ဖြစ်ပွားခဲ့သော တရားမဝင်ခိုးကူးခွေများ ထုတ်လုပ်၊ ဖြန့်ချိ၊ ရောင်းချမှုများကို ဖမ်းဆီးအရေးယူခဲ့သည့် ဖြစ်စဉ်များအား သုံးသပ်ကြည့်ပါက ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂၊ ၃၃ပါ ထောင်ဒဏ်သုံးနှစ်သည် ကျူးလွန်မှုများကို တားဆီးရာတွင် လုံလောက်သည့်ပြစ်ဒဏ်ဖြစ်သော်လည်း ငွေဒဏ်ကျပ် တစ်သိန်းမှာမူ ယခုခေတ်ကာလအရ ကျူးလွန်မှုများကိုတားဆီးရန် လုံလောက်သော ဒဏ်ငွေမဟုတ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

**စိစစ်တွေ့ရှိမှုများအရ ၁၉၉၆ ခုနှစ်က ထုတ်ပြန်ခဲ့သော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ပြစ်မှုပြစ်ဒဏ်များအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေပုဒ်မများအပါအဝင် ဥပဒေပုဒ်မ(၁၄)ခုကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်အစားထိုးခြင်း၊ ဖြုတ်ပယ်ခြင်းများကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့က ညှိနှိုင်းပြင်ဆင်ရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါပြင်ဆင်မှုများအနက် ထောင်ဒဏ်သုံးနှစ်ကို မူလအတိုင်း မပြောင်းလဲဘဲ ငွေဒဏ်ကို မူလကျပ်တစ်သိန်းမှ ကျပ်ငါးသိန်းအထိ တိုးမြှင့်ပြင်ဆင်ထားပြီးဖြစ်ပါကြောင်း၊ ထိုသို့ ပြင်ဆင်လိုက်ခြင်းအားဖြင့် ထောင်ဒဏ်(၃)နှစ်နှင့် ငွေဒဏ်ကျပ်(၅)သိန်းသည် ကျူးလွန်မှုများကိုတားဆီးရန်အတွက် လုံလောက်သော ပြစ်ဒဏ်များဖြစ်လာမည် ဖြစ်ပါကြောင်း။**

**ယခုအခါတွင် ဖြည့်စွက်၊ ပြင်ဆင်ထားသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော ဝန်ကြီးဌာနစီမံခန့်ခွဲရေး ကော်မတီက အတည်ပြုပြီးဖြစ်သည့်အတွက် ပြင်ဆင်အတည်ပြုပေးရန် ၆-၉-၂၀၁၁ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဆက်လက်ပေးပို့ထားပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပြင်ဆင်အတည်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ၏ **ကချင်ပြည်နယ်သည် ကျောက်စိမ်း အဓိက ထွက်ရှိရာဒေသဖြစ်ပြီး ပြည်နယ်နှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့် အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ပွင့်လန်းစေရန် C-class နှင့်အောက် ကျောက်စိမ်း ကျောက်မျက်များကို မြစ်ကြီးနားမြို့တွင် ဥပဒေနှင့်အညီ ဈေးကွက်သတ်မှတ်၍ ရောင်းချခွင့်ပြုရေး ခွင့်ပြုပေးနိုင်ခြင်း ရှိ / မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်ဈေးကွက်အား အခြားတစ်ဖက်နိုင်ငံများသို့ ရောက်ရှိသွားခြင်းမျိုး မရှိစေရေးအတွက် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် ကျောက်မျက်ရတနာ ရောင်းချပွဲများကို နှစ်စဉ်ပြုလုပ်လျက်ရှိပြီး ကျောက်စိမ်း၊ ကျောက်မျက်ဈေးကွက် ခိုင်မာစွာဖြစ်ထွန်းရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုအပ်သည့် ဥပဒေများကိုလည်း ပြင်ဆင်ဆောင်ရွက်ထားပြီး စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်တွင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို နိုင်ငံခြားငွေဖြင့်ရောင်းချပေးရန်လည်း စီမံ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဖားကန့်ရတနာနယ်မြေမှထွက်ရှိသော ကျောက်စိမ်းများကို တွင်းဝခွန် ပေးဆောင်ပြီးပါက နယ်စပ်ဒေသမှအပ မြန်မာနိုင်ငံအနှံ့အပြား သွားရောက်ရောင်းချ နိုင်ပါကြောင်း၊ လက်ရှိတွင်လည်း ပြည်တွင်းရှိ အချို့သောမြို့ကြီးများ၌ ရောင်းချ နေကြပါကြောင်း၊ နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ ထွက်ရှိသော ကျောက်စိမ်းများကိုမူ တွင်းဝခွန်ပေးဆောင်ပြီးနောက် နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် ပြပွဲတွင်သာ တင်ပြရောင်းချရခြင်းဖြစ်ပါကြောင်း၊** ထို့ကြောင့် နိုင်ငံတော်အတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီးသော ကျောက်စိမ်း၊ ကျောက်မျက် ဈေးကွက်အခြေအနေနှင့် နိုင်ငံတကာအဆင့် ကျောက်စိမ်း၊ ကျောက်မျက် ရောင်းချပွဲတို့ကို ကျောက်စိမ်းတူးဖော်သည့် လုပ်ငန်းရှင်များနှင့် ဒေသခံလုပ်ငန်းရှင်များက နှစ်ခြိုက်သဘောကျ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ တရားဝင်လုပ်ကိုင် ဆောင်ရွက်ခွင့်ရှိနေသော်လည်း အချို့မှာ မှောင်ခိုလမ်းကြောင်းမှတစ်ဆင့် တစ်ဖက် နိုင်ငံသို့ သွားရောက်ရောင်းချမှုများရှိနေသည်ကို သိရှိရပါကြောင်း။

လက်ရှိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်တွင်လည်း ကျောက်စိမ်း၊ ကျောက်မျက်များ၊ တန်ဖိုးမြင့် လက်ဝတ်ရတနာများကို လွတ်လပ်စွာ၊ အဆင်ပြေစွာ ရောင်းချလျက် ရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာအောင်မြေ ကျောက်မျက် ရောင်းဝယ်ရေးစခန်းသည် သတ္တုတွင်းဝန်ကြီးဌာနက တရားဝင်သတ်မှတ်ပေးထားသော စခန်းမဟုတ်ပါကြောင်း၊ အရောင်းပြပွဲများ ပြုလုပ်ခြင်းလည်း မရှိပါကြောင်း၊ ယင်းဒေသခံလုပ်ငန်းရှင်များက စုစည်းဆောင်ရွက်ခြင်းသာဖြစ်သည်ကို သိရှိရပါကြောင်း။

**ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားတွင်လည်း ကျောက်စိမ်း၊ ကျောက်မျက် အရောင်းဆိုင်များ နေရာအနှံ့အပြားရှိနေပြီး စီးပွားဖြစ်ရောင်းဝယ်မှုပြုလုပ်နေကြပါကြောင်း၊ C-class နှင့်အောက် ကျောက်စိမ်း၊ ကျောက်မျက်များကို မြစ်ကြီးနားမြို့တွင် ဥပဒေနှင့်အညီ ဈေးကွက်သတ်မှတ်၍ ရောင်းချခွင့်ပြုရေးဆိုသည်မှာ အဓိပ္ပာယ် ရှင်းလင်းမှုမရှိပါကြောင်း၊ ကျောက်စိမ်းအရောင်းပြပွဲပြုလုပ်လိုခြင်းကို ဆိုလိုပါက လက်ရှိအခြေအနေတွင် လျော်ကန်သင့်မြတ်မှု မရှိသေးသောအချိန်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။**

**တစ်ဖက်နိုင်ငံများသို့ မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်ဈေးကွက် ရောက်ရှိမသွားနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏မြို့တော် နေပြည်တော်၌သာ ကမ္ဘာ့အဆင့်မီ ကျောက်စိမ်း၊ ကျောက်မျက်ဈေးကွက် ဖြစ်ထွန်းလျက်ရှိနေခြင်းကို ပိုမိုခိုင်မာအောင်၊ ပိုမိုကျယ်ပြန့်စွာဖြစ်ထွန်းအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာက **နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင် လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ပေါ်ထွန်းစေရန် လေ့လာဆန်းစစ်မှုများ ပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက် စနစ်ကောင်းတစ်ခုဖြစ်ထွန်းလာမည့် နည်းလမ်းများအား လွှတ်တော်သို့တင်ပြရန်** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို လာမည့်အပတ်အတွင်း ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် ကိုယ်စားလှယ်များအနေဖြင့် အောက်တိုဘာ(၃)ရက်တွင် အမည်စာရင်းတင်သွင်းကြရန် ဖြစ်ကြောင်း သိရသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် ယမန်နေ့ကတင်သွင်းခဲ့သော ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၏ **ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက် ဖွင့်လှစ်ထားရှိရေး** အဆိုနှင့်စပ်လျဉ်း၍ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်၊ ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ်(ခ)ဦးအူးရယ်၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း၊ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း၊ ဆောမဲဆန္ဒနယ်မှ ဦးငွေးမောင်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ၊ တန့်ယန်း မဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်းနှင့် ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် တို့က ဝေးလံခက်ခဲသည့်ဒေသမှ ကျောင်းသားများသည် ငွေကြေးချို့တဲ့သူများဖြစ်သည့် အတွက် အခြေခံပညာအတန်းပြီးဆုံးပါက မြို့ကျောင်းများသို့သွားရောက်ပြီး ဆက်လက် တက်ရောက်ရန် အခက်အခဲများရှိပါကြောင်း၊ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းသည် တိုင်းရင်းသားများအတွက် အထူးသင့်လျော်သော သင်တန်းကျောင်းတစ်ခုဖြစ်ပါ ကြောင်း၊ သင်တန်းဆင်း တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် တာဝန်ကျရာ ဒေသရှိ ကျောင်းသားလူငယ်များအား ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှိအောင် ပြုစုပျိုးထောင်ပေးခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကို အစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြပါကြောင်း၊ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းအား ဆက်လက်ဖွင့်လှစ်ထားရှိပါက ပိုမို အကျိုးဖြစ်ထွန်းနိုင်မည်ဟု ထင်မြင်ယူဆမိပါကြောင်း နှင့်အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအနေဖြင့် တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၂၀-၁၀-၁၉၆၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့စဉ်က နယ်စပ်ဒေသနှင့် သွားလာရေးဝေးလံခက်ခဲသောဒေသမှ တိုင်းရင်းသားလူငယ်များကို နိုင်ငံတော်က



**ယဉ်ကျေးမှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် မေးမြန်း ချက်များကို ပြန်လည် ဖြေကြားစဉ်။**
(သတင်းစဉ်)

တာဝန်ယူပြီး ပညာတတ်ဘွဲ့ရအောင် သင်ကြားလေ့ကျင့်ပေးပြီး ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် ၎င်းတို့ဇာတိဒေသတွင် ပညာရေးဝန်ထမ်းတာဝန် ထမ်းဆောင်စေခြင်းဖြင့် တိုင်းရင်းသားပြည်သူများအကြား ခေတ်ပညာပြန့်ပွားစေရန်နှင့် တစ်ဖက်ကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်ရန် အဓိက ရည်ရွယ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၆-၄-၂၀၁၁ ရက်တွင် ပြောကြားခဲ့သည့်မိန့်ခွန်း၌ **စနစ်တစ်ခု၊ ခေတ်တစ်ခုကို ပြောင်းလဲခဲ့ပြီဖြစ်ပါတယ်။ ပြောင်းလဲတဲ့ ခေတ်စနစ်နှင့် အညီ အတွေးအခေါ်တွေ၊ လုပ်နည်းလုပ်ဟန်တွေလည်း လိုက်ပြောင်းရပါမယ်** ဟူ၍ မိန့်ကြားခဲ့ပါကြောင်း။

ယခုအခါ တိုင်းဒေသကြီးနှင့်ပြည်နယ် (၁၄)ခုစလုံးတွင် တက္ကသိုလ်၊ နည်းပညာ တက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များရှိသည့်အပြင် အချို့ဒေသများတွင် ဒီဂရီ ကောလိပ်များကို နိုင်ငံတော်အစိုးရက ဖွင့်လှစ်တည်ထောင်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုသို့ နိုင်ငံတော်က ဘဏ္ဍာငွေကြေးများစွာ အကုန်အကျခံပြီး တက္ကသိုလ် / ကောလိပ်များကို နိုင်ငံတစ်ဝန်းလုံး ဖွင့်လှစ်ပေးရသည့် အဓိကရည်ရွယ်ချက်သည် နိုင်ငံတော်၏ နယ်မြေ ဒေသအသီးသီး၌ အကြားမလပ်ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အနှံ့မှ တိုင်းရင်းသားလူငယ်များအတွက် ငွေကုန်ကြေးကျခံပြီး ဝေးလံသောဒေသများသို့ သွားရောက်ကာ အဆင့်မြင့်ပညာရပ်များ သင်ယူရန်မလိုတော့ဘဲ ကိုယ့်ရပ်ရွာဒေသ အတွင်း၌ပင် မိဘဆွေမျိုးများနှင့် မခွဲမခွာ ပညာဆက်လက်ဆည်းပူးနိုင်ကြစေရန် ဖြစ်ပါကြောင်း။

**ထို့ပြင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် အထူးအလေးထား ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၂ ခုနှစ် စက်တင်ဘာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဖွဲ့စည်းပေးခဲ့ပြီး ယနေ့ အစိုးရသစ်လက်ထက်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင် “ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်”(၂)ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ယင်းသို့ ဖွင့်လှစ်ရသည့်ရည်ရွယ်ချက်တွင် နယ်စပ်ဒေသ၌ လိုအပ်နေသည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရန်နှင့် ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မည့် အဆင့်မြင့်ပညာတတ်ကျွမ်းသော အသိပညာရှင်များ မွေးထုတ်ပေးနိုင်စေရန်ဟူသည့် အချက်များ ပါဝင်ပါကြောင်း။**

ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ Ideal Standard စံနှုန်း(၆)ရပ်အနက် တစ်ရပ်မှာ **“ပိုင်းခြားဝေဖန်ဆင်ခြင်မှုကို ယုံကြည်အားထားခြင်း”** ဖြစ်ပါကြောင်း၊ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကို မျှော်မှန်းတည်ဆောက်ရာတွင် ပိုင်းခြားဝေဖန်ဆင်ခြင်မှု သည် အရေးကြီးပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကို ဆက်လက်ဖွင့်လှစ်ရန်အဆိုကို ထောက်ခံဆွေးနွေးခဲ့ကြသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ကျိုးကြောင်းဖော်ပြချက်များသည် လျော်ကန်သင့်မြတ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက် ဖွင့်လှစ်ထားရှိရေးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ပိုင်းခြားဝေဖန်မှုကောင်းသော အဆုံးအဖြတ်ကို နာယူသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

အဆိုရှင်ဦးလှထွန်း၏အဆိုကို လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို စစ်ကိုင်းမြို့ အစီခံရပ်(ယခု အေးမြဝတီရပ်)တွင် စတင်ဖွင့်လှစ်ခဲ့ပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ နှင့် ကမ္ဘာ့ဘဏ်တို့၏ အရှေ့တောင်အာရှ မဲပေးအုပ်စုများပူးပေါင်း၍ (၄၄)ကြိမ်မြောက် ငွေရေးကြေးရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအစည်းအဝေး တက်ရောက်စဉ်။ (သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်

နေပြည်တော် စက်တင်ဘာ ၃၀

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၌ကျင်းပသည့် ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။**

နှစ်ပတ်လည် အစည်းအဝေးမကျင်းပမီ စက်တင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ကမ္ဘာ့ဘဏ် ဒါရိုက်တာဘုတ်အဖွဲ့အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ အရှေ့တောင်အာရှမဲပေးအုပ်စုများပူးပေါင်း၍ (၄၄)ကြိမ်မြောက် ငွေရေးကြေးရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအစည်းအဝေး ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကမ္ဘာ့ဘဏ် အရှေ့တောင်အာရှမဲပေးအုပ်စု၏ အမှုဆောင်ဒါရိုက်တာ Mr. Hekinus Manao က အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ပထမ၊ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး Mr. David Lipton၊ အာရှပစိဖိတ်ဒေသ၏ ညွှန်ကြားရေးမှူး Mr. Anoop Singh နှင့် ကမ္ဘာ့ဘဏ်မှ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. James Adams တို့က ကမ္ဘာ့စီးပွားရေး၏ လက်ရှိအခြေအနေများကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့၊ အရှေ့တောင်အာရှမဲပေးအုပ်စု၏ အမှုဆောင်ဒါရိုက်တာ Mr. Der Jiun Chia နှင့် ကမ္ဘာ့ဘဏ် အမှုဆောင်ဒါရိုက်တာ Mr. Hekinus Manao တို့က အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ မူဝါဒရေးရာကိစ္စရပ်များနှင့် ကမ္ဘာ့ဘဏ်၏ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်များကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးများက အမြင်ချင်း ဖလှယ်ကြပြီး ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အာဆီယံအဖွဲ့၏ ဗဟိုဘဏ်ဥက္ကဋ္ဌများသည် အာဆီယံငွေကြေးဖလှယ်မှုအစီအစဉ် သဘောတူစာချုပ်အား တတိယအကြိမ်မြောက် သက်တမ်းတိုးရန်အတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းလည်း တက်ရောက်လက်မှတ်ရေးထိုးခဲ့သည်။

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲများကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် ဝါရှင်တန်ဒီစီရှိ Daughters of the American Revolution Constitution Hall ၌ ကျင်းပခဲ့ရာ နှစ်ပတ်လည်အစည်းအဝေးများ၏ သဘာပတိဖြစ်သူ ဘဟားမားစ်ဓနသဟာယနိုင်ငံ(Commonwealth of the Bahamas)၏ ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး Mr. Hubert Ingraham က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး Ms. Christine Lagarde နှင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Mr. Robert Zocllick တို့က အသီးသီး ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။ အစည်းအဝေး ဒုတိယပိုင်းတွင် အဖွဲ့ဝင်နိုင်ငံများမှ ကမ္ဘာ့စီးပွားရေးအခြေအနေ၊ နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် အဖွဲ့အစည်း(၂)ရပ်၏ ဆောင်ရွက်မှုအခြေအနေအပေါ် သုံးသပ်တင်ပြမှုများ၊ ဖြန့်ဝေမှုများ ပြုလုပ်ခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရုံးချုပ်၌ မြန်မာကိုယ်စားလှယ်အဖွဲ့မှ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အာရှပစိဖိတ်ဒေသဌာနမှ Deputy Division Chief Ms. Meral Karasulu နှင့် တွေ့ဆုံပြီး ၂၀၁၁ခုနှစ် အောက်တိုဘာလ တတိယပတ်တွင် မြန်မာနိုင်ငံသို့ လာရောက်မည့် ငွေလဲလှယ်နှုန်း ပေါင်းစည်းရေး TA Mission နှင့် ၂၀၁၂ခုနှစ် နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့ လာရောက်မည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ Article IV Consultation Mission တို့နှင့် သက်ဆိုင်သော ကိစ္စရပ်များကိုလည်းကောင်း၊ လိုအပ်မည့် အစီအစဉ်ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဝါရှင်တန်ဒီစီမြို့ရှိ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ရုံး အဆောက်အအုံတွင် အဆိုပါအေဂျင်စီ၏ အကြီးတန်းအထူးအကြံပေးအရာရှိ Mr. Hiroto ARAKAWA နှင့် တွေ့ဆုံပြီး ငွေလဲလှယ်နှုန်း ပေါင်းစည်းရေးဆိုင်ရာ၊ အခွန်စီမံခန့်ခွဲရေးဆိုင်ရာ၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးရန် ကိစ္စရပ်များစသည်တို့ကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကမ္ဘာ့ဘဏ်၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA)၏ လုပ်ငန်းစဉ်များအနက် (၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ ရန်ပုံငွေ ဖြည့်တင်းရေးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ အထောက်အပံ့ရရှိထားသည့် နိုင်ငံများ၌ ဖွံ့ဖြိုးတိုးတက်မှုများနှင့် အကျိုးရလဒ်များအား သုံးသပ်တင်ပြသည့် အစည်းအဝေးများတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ရုံးချုပ်အဆောက်အအုံ(၂)၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးနှင့် ငွေရေးကြေးရေးကော်မတီ အစည်းအဝေးကို တက်ရောက်ပြီး ကမ္ဘာ့စီးပွားရေးအလားအလာ၊ စိန်ခေါ်မှုနှင့် စွန့်စားရမှုများ၊ လတ်တလောကာလ ငွေရေးကြေးရေးအကျပ်အတည်းနှင့် တုံ့ပြန်ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် ကမ္ဘာ့ဘဏ်ရုံးချုပ် Preston Auditorium ခန်းမ၌ ကျင်းပသည့် (၈၄)ကြိမ်မြောက် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ကျား/မ တန်းတူညီမျှရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဝါရှင်တန်ဒီစီမြို့ရှိ ကမ္ဘာ့ဘဏ် ရုံးချုပ်အဆောက်အအုံ၌ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာ့ဘဏ်မှ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. James W. Adams နှင့် Country Director Ms. Anette Dixom၊ Executive Director Mr. Hekinus Manao တို့ ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့အကြား ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဝါရှင်တန်ဒီစီရှိ Mandarin Oriental Hotel ၌ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် အင်ဒိုနီးရှား ဘဏ္ဍာရေးဝန်ကြီးက အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အေဒီဘီဥက္ကဋ္ဌ Mr. Haruhiko Kuroda က လက်ရှိစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်များနှင့် တုံ့ပြန်ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ ရင်းနှီးမြှုပ်နှံသူများဆိုင်ရာ ဆွေးနွေးပွဲကျင်းပရေးကိစ္စများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံက လည်းကောင်း တင်ပြဆွေးနွေးကြရာ အာဆီယံဝန်ကြီးများနှင့် အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်တို့က လိုအပ်သည်များ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၆၂)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ရန်ကျဲချီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆိုက်ပရပ်(စ်) သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် အီရာတို ကိုဇာကူး မာကူလစ်(စ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နိုင်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အိုလက်ဘန်ဂါ အာယိုဒဲဂျီ အာရှီယု ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



# ဆောက်လုပ်ရေးဝန်ကြီးဌာန လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်)မွမ်းမံသင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် စက်တင်ဘာ ၃၀ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပသည့် လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်)မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁-၁၀-၂၀၁၁ (စနေနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "မေတ္တာကိုင်စွဲလူ့အောင်ပွဲ" တရားတော် (ယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ)
- ၆း၄၅ သက်ဝင်လှုပ်ရှား ရသရုပ်လုံး ရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၄၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၈၅)**
- ၈း၅၀ Road To 1st MFDG Fashion Phenomenon
- ၉း၁၀ သောတာပန်မြေမှ ဓမ္မဒူတ မောင်မယ်များ၏အောင်ပွဲ
- ၉း၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၀၀ ခိုင်မာစွာရပ်တည်နေသော
- ၁၀း၁၀ မိတ္ထီလာစီးပွားရေးတက္ကသိုလ် (၁၀)နှစ်ပြည့်အထိမ်းအမှတ် အာစရိယပူဇော်ပွဲ
- ၁၀း၂၅ လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
- ၁၀း၃၀ သွားမယ်စားမယ်
- ၁၀း၅၀ ခေတ်မီဆန်းသစ် ဒီဇိုင်းသစ်များနှင့်ကြိုဆိုနေမည့်. . . New Star
- ၁၁း၀၅ ပန်းချီပြခန်း
- ၁၁း၂၀ သဘာဝဘေးဒုက္ခ အန္တရာယ်ပုံပြင်များ(ဆိုင်ကလုံး)
- ၁၁း၃၀ သူတို့ပြောတဲ့သူတို့အကြောင်း
- ၁၂း၀၀ ဟိုတယ်လမ်းညွှန်
- ၁၂း၂၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၂း၄၀ ကြည်ညိုပူဇော် ဓမ္မစကြာ ဆရာတော်ဘုရား၏ ဝိဇာတ အလှူတော်
- ၁း၀၀ "မေတ္တာကိုင်စွဲလူ့အောင်ပွဲ" တရားတော် (ယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Road To 1st MFDG Fashion Phenomenon
- ၂း၄၀ နည်းပညာမျှဝေလို့ သစ်မွှေးထုတ်လုပ်စို့
- ၃း၀၀ VJ Choice
- ၃း၃၀ Kid's Show
- ၄း၀၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"မာယာမျဉ်းပြိုင်" (အပိုင်း-၈၅)**
- ၅း၀၀ ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
- ၅း၂၅ ရွှေရောင်တောက်ပ 'မေ'ဖက်ရှင်အလှ
- ၅း၃၅ Movie Talk
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ 1st MFDG Fashion Phenomenon (LIVE)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၄၄)**
- ၇း၃၅ 1st MFDG Fashion Phenomenon (LIVE)
- ၈း၀၀ MRTV-4 သတင်း
- ၈း၂၅ Barclays Premier League (Blackburn Vs Man City)
- ၁၀း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၈၆)**
- ၁၁း၂၀ SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
- ၁၁း၃၅ World of Knowledge
- ၁၂း၂၅ ရေပျော်ငှက်၏တောင်ပံခတ်သံ
- ၁၂း၄၅ အများမြင်စရာ နှစ်ပါးသဘင်မဟာ
- ၁း၃၀ စပါးအထူးအထွက်တိုးရန် သိပ္ပံနည်းကျစိုက်နည်း(၁၄)ချက်
- ၁း၅၀ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့အလည်တစ်ခေါက်
- ၂း၁၅ ရွှေလက်ကမ်းလို့ ကြိုနေမည့်. . . စလင်းမြေ
- ၂း၂၅ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ
- ၃း၁၀ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏မသန်စွမ်းသူများအတွက် Barrier Free
- ၃း၄၀ မောတို့မြေမှ အံ့ဖွယ်ထူးခြား လိုဏ်ဂူများ
- ၄း၃၀ တရားဓမ္မများ ပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
- ၄း၄၅ မြန်မာ့လက်မှု အနုလက်ရာစုံစွာ
- ၅း၀၀ အစီအစဉ်ပြီး။

## Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | | | ပြသမည့်လိုင်း |
|---|---|---|---|---|
| ၆း၁၀ | Everton | - | Liverpool | ESPN (Live) |
| ၈း၂၅ | Man U | - | Norwich | ESPN (Live) |
| ၈း၂၅ | Blackburn | - | Man City | STAR SPORTS (MRTV-4)(Live) |
| ၁၁း၃၀ | Sunderland | - | West Brom | SDD |

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

# နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် စက်တင်ဘာ ၃၀**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့၌ ၁၃၇၃-၇၄ ခု ပညာသင်နှစ် သာသနတက္ကသိလ ဓမ္မာစရိယ (ပထမနှစ်) သင်တန်းသို့ တက်ရောက်လိုသော အစိုးရပထမကြီးတန်း၊ စေတီယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်း တစ်ခုခုအောင်မြင်ပြီးသော အသက်(၃၀)နှစ်၊ သိက္ခာ (၁၀)ဝါအောက်ရှိ ရဟန်းသာမဏေများ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဝင်ခွင့်လျှောက်ထားသော ရဟန်းသာမဏေများသည် အစိုးရပထမကြီးတန်းနှင့်ညီမျှသော ဝိနည်း၊ အဘိဓမ္မာဘာသာရပ်နှင့် သာသနာရေးဆိုင်ရာ၊ အထွေထွေဗဟုသုတမေးခွန်းလွှာတစ်ခု၊ ပါဠိဘာသာရပ်နှင့် တက္ကသိုလ်ဝင်တန်း အဆင့်ရှိသော အင်္ဂလိပ်စာမေးခွန်းလွှာ တစ်ခုတို့ကို တစ်ရက်စီ စုစုပေါင်း နှစ်ရက် ဖြေဆိုကြရမည် ဖြစ်သည်။

ဝင်ခွင့်လျှောက်ထားလွှာများကို ၁၃၇၃ ခု သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ အောက်တိုဘာ ၂၁ ရက်(သောကြာနေ့) မှစတင်၍ ထုတ်ပေးမည်ဖြစ်ပြီး ၁၃၇၃ ခု တန်ဆောင်မုန်းလဆန်း ၁၃ ရက် နိုဝင်ဘာ ၈ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာ သာသနာ့တက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးများတွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိလိုသော အချက်များကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး ဖုန်း-၀၁-၆၆၅၃၆၂၊ ၀၁-၆၆၂၉၉၇၊ အုပ်ချုပ်ရေးဗဟိုအဖွဲ့ရုံး ဖုန်း - ၀၁-၆၆၄၃၉၅၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းရုံး ဖုန်း-၀၂-၆၆၉၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) သာသနတက္ကသိလမဟာဘွဲ့ နှင်းသဘင်အခမ်းအနား ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့၏ ၁၃၇၀-၇၁ ခု ပညာသင်နှစ် (၁၇)ကြိမ်မြောက် သာသနတက္ကသိလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## အထက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

| | |
|---|---|
| **ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်** | **နေပြည်တော် စက်တင်ဘာ ၃၀** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ အုတ်ဖိုမြို့တွင် ၂ ဒသမ ၉၀ လက်မ၊ မင်းတပ်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ရွှေစာရံမြို့တွင် ၁ ဒသမ ၉၂ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ သပိတ်ကျင်းမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ဇောင်းတူမြို့နှင့် ကော့သောင်းမြို့တို့တွင် ၁ ဒသမ ၅၇ လက်မစီတို့ဖြစ်ကြသည်။ |
| **ထူးခြားသည့်အခြေအနေ** | ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင် (တုံကင်ပင်လယ်ကွေ့)တွင် ဖြစ်ပေါ်နေသော အားကောင်းသော အပူပိုင်းမုန်တိုင်း(နီဆက်)သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အပူပိုင်းမုန်တိုင်းအဖြစ်သို့ အားလျော့သွားခဲ့ကာ ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့၏အရှေ့နှင့် အရှေ့တောင်ဘက် မိုင် ၆၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ |
| **မြန်မာ့ပင်လယ်ပြင်အခြေအနေ** | မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုင်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ |

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁-၁၀-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၈း၂၅ ၅။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅အဆင့်) (အမျိုးသား)
၈း၄၀ ၆။ International News
၈း၄၅ ၇။ တေးဂီတအစီအစဉ်

**နေ့လယ်ပိုင်း**

၁၁း၁၀ ၁။ တေးဂီတအစီအစဉ်
၁၁း၂၀ ၂။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၀၅ ၃။ "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ"
၁း၁၅ ၄။ **"မြတ်သောကျေးဇူး ဆပ်ဖူးပါစေ"** (ရဲအောင်၊ မျိုးသန္တာထွန်း၊ အောင်ရဲလင်း၊ ဖွေးဖွေး" (ဒါရိုက်တာ-ကြည်ဖြူသျှင်)

**ညပိုင်း**

၄း၁၀ ၁။ တေးဂီတအစီအစဉ်
၄း၂၀ ၂။ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တေးများ
၄း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အရှေ့တိုင်းပညာ)
၄း၄၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၅။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုတေးများ
၅း၁၀ ၆။ International Science News
၅း၁၅ ၇။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅အဆင့်) (အမျိုးသမီး)
၅း၂၅ ၈။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆိုဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ရွှေဖူးစာ" (အပိုင်း-၁၉)**
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဂုဏ်ပြုဇာတ်လမ်း **"အရေးကြုံရင် ကြေးမုံရှိတယ်" (ခန့်စည်သူ၊ ဘုန်းလျှံ၊ နေယံ၊ ဇော်ဦး၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ မေကဗျာ၊ ချစ်စနိုးဦး၊ ခင်လေးနွယ်၊ ခရစ္စတီးနား၊ အိချောပို" (ဒါရိုက်တာ-ဇော်မြင့်ဦး၊ ခန့်စည်သူ)**
၁၆။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၅၃)**
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသောရုပ်သံလွှင့်မှူး" (အပိုင်း-၁၃)**
၁၈။ ဂီတတံခါးလေးဖွင့်ပါဦး



အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ၍ သတင်းထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၃၀

**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ယနေ့မွန်းလွဲ ၁ နာရီမှ ၂ နာရီ ၁၇ မိနစ်အထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးသည်။**

ယင်းသို့ တွေ့ဆုံအပြီးတွင် ပြည်တွင်း/ပြည်ပ သတင်းထောက်များအား ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ယနေ့ဆွေးနွေးမှုအပြီးတွင် သတင်းထုတ်ပြန်ခဲ့ရာ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**သတင်းထုတ်ပြန်ချက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ ဒေါ်အောင်ဆန်းစုကြည်သည် စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက် မွန်းလွဲ ၁ နာရီမှ ၂ နာရီ ၁၇ မိနစ်အထိ လာရောက်တွေ့ဆုံခဲ့ပါသည်။

ယနေ့တွေ့ဆုံဆွေးနွေးမှုတွင် နိုင်ငံတော်သမ္မတကြီးက လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် စဉ်းစားဆောင်ရွက်နေသည့်ကိစ္စ၊ ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေးအတွက် နှစ်ဖက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကိစ္စ၊ ဥပဒေပြင်ပတွင် လက်နက်ကိုင်ဆောင်ဆန့်ကျင်နေကြသူများကို ဥပဒေဘောင်အတွင်း ထာဝရငြိမ်းချမ်းရေး တည်ဆောက်ပေးရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသည့်ကိစ္စများနှင့် ပြည်တွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားရန် သဘောတူညီကြပါသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံမှုအပြီး သတင်းထောက်များ၏ မေးမြန်းချက်များအား ဖြေကြား

နေပြည်တော် စက်တင်ဘာ ၃၀

**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ တွေ့ဆုံမှုအပြီးတွင် သတင်းထောက်များ၏ မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။**

အဆိုပါ အမေးအဖြေများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဦးအောင်လှထွန်း(သတင်းထောက်-ရိုက်တာသတင်းဌာန)**

**မေး-** အစ်မရော၊ ဝန်ကြီးရော မေးချင်ပါတယ်။ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပေါ့လေ။ ဦးခင်အောင်မြင့်က ကမ္ဘောဒီးယားမှာ ပြောသွားပါတယ်။ အစ်မသာ ပါလီမန်ထဲကို ဝင်လာခဲ့မယ်ဆိုရင် လက်ကမ်းကြိုဆိုမယ်လို့ ပြောသွားပါတယ်။ အစ်မ ဝင်ဖို့ အတွက်ကျတော့ ကျွန်တော်တို့သိတာက Technically နည်းနည်း အဆင်မပြေဖြစ်နေပါတယ်။ အစိုးရဘက်က အဲဒါကို ဝင်ဖို့ အဆင်ပြေအောင်လုပ်ပေးနိုင်မယ့် အနေအထားရှိပါသလား။ ဒါကတော့ ဝန်ကြီးကို မေးတဲ့မေးခွန်းပါ။

နောက်တစ်ပိုင်းကတော့ အစ်မကို မေးတဲ့မေးခွန်းပါ။ တကယ်လို့ အဲဒီ NLD ကို အစိုးရဘက်ကသာ အဲဒါကို နည်းနည်းပါးပါး ပြုပြင်ပေးမယ်ဆိုရင် NLD ကို Register လုပ်ပြီးတော့ By Election အမီဝင်ဖို့ အစီအစဉ်ရှိပါသလား။ ရွေးကောက်ပွဲမှာ အစ်မကိုယ်တိုင် ဝင်မယ်လို့များ မှန်းထားတာ ရှိပါသလား။

**ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်**

**ဖြေ-** ကျွန်တော့်အနေနဲ့ ဦးစွာဖြေရမယ်ဆိုရင် ဥပဒေနဲ့အညီ မှတ်ပုံတင်ပြီးသွားတဲ့အချိန်မှာ ကျွန်တော်တို့ NLD နဲ့အတူ လက်တွဲပြီးတော့ ဆောင်ရွက်သွားဖို့ဆိုတာကို အမြဲတမ်းကြိုဆိုလျက်ရှိပါတယ်လို့ ဖြေကြားလိုပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်**

**ဖြေ-** NLD အရတော့ ကျွန်မက NLD အတွက်၊ အားလုံးအတွက် ပြောပေးလို့မရဘူးလေ။ CEC ကို ပထမတင်ပြရဦးမှာပါ။ CEC ကိုတင်ပြပြီးမှ ကျွန်မတို့ ဘယ်လိုဖြေမလဲဆိုတာ ပြောနိုင်မှာဖြစ်ပါတယ်။

**ဦးအောင်လှထွန်း(သတင်းထောက်-ရိုက်တာသတင်းဌာန)**

**မေး-** မနက်က NLD CEC ရဲ့ ပြောရေးဆိုခွင့်ရှိတဲ့ ဦးဉာဏ်ဝင်းက ပြောသွားပါတယ်။ ဖြစ်နိုင်ဖွယ်ရှိပါတယ်လို့။ မဝင်ဘူးဆိုတာ မဆုံးဖြတ်ထားဘူးဆိုတာ ကြားလို့ပါ။

**ဒေါ်အောင်ဆန်းစုကြည်**

**ဖြေ-** ကျွန်မတို့က ရွေးကောက်ပွဲကို မူအရဆန့်ကျင်တာ မဟုတ်ပါဘူး။ ရွေးကောက်ပွဲဟာ ဒီမိုကရေစီစနစ်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ်ဆိုတာ ကျွန်မတို့ လက်ခံပြီးသားပါ။ ဒီလို ရွေးကောက်ပွဲဝင်ပုံဝင်နည်း အခြေအနေအခင်းအကျင်းအရ ကျွန်မတို့ ဒါကိုပဲကြည့်မှာဖြစ်ပါတယ်။

**ဒေါက်တာဇော်သန်း (သတင်းထောက်-ဆန်ကေးရှင်ဘွန်း သတင်းစာ)**

**မေး-** ဒေါ်အောင်ဆန်းစုကြည်ကို မေးချင်ပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းကို ခေတ္တရပ်ဆိုင်းလိုက်တာနဲ့ ပတ်သက်လို့ အစ်မရဲ့ သဘောထားအမြင်ကို သိချင်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်**

**ဖြေ-** ကျွန်မတို့ နားလည်သဘောပေါက်တာက ဒီမနက် လွှတ်တော်ကို သမ္မတကြီးဆီကနေ သဝဏ်လွှာပို့တယ်လို့ ပြောပါတယ်။ အဲဒီသဝဏ်လွှာမှာဆိုရင် ပြည်သူလူထုရဲ့ စိုးရိမ်မှုတွေ၊ ကြောင့်ကြမှုတွေ ထောက်ထားပြီးတော့ ဒီမြစ်ဆုံရေကာတာကြီး စီမံကိန်းကို ရပ်ဆိုင်းထားမယ်လို့ ဒီလိုမှာကြားလိုက်တယ်လို့ နားလည်ပါတယ်။ ဒါကတော့ ကျွန်မအမြင်မှာတော့ ပြည်သူရဲ့ အသံကို နားထောင်တာဟာ အင်မတန်မှ ကောင်းပါတယ်။ ဒီဟာဟာ အစိုးရတိုင်း လုပ်ရမယ့်ကိစ္စပါ။ ပြည်သူရဲ့အသံကို နားထောင်ရမယ်။ ပြည်သူရဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို တကယ်ပဲ လေးလေးနက်နက်ထားပြီးတော့ ဖြေရှင်းပေးရမယ်။ အဲဒါကြောင့်မို့ ကျွန်မ ဒါကို ကြိုဆိုပါတယ်။

**ဦးသီဟစော (Open News ဂျာနယ် အယ်ဒီတာချုပ်)**

**မေး-** ပြည်သူလူထုထဲကနေ အချက်သုံးချက်ကို စောင့်စားမျှော်လင့်နေကြတယ်။ တစ်ခုက နိုင်ငံရေး Process ထဲမှာ အန်တီစုနဲ့ NLD တရားဝင်ပါဝင်ရေးကိစ္စ၊ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ဖို့ကိစ္စ၊ တိုင်းရင်းသားတွေနဲ့ ငြိမ်းချမ်းရေး ပြေလည်မှုရယူဖို့ကိစ္စ ပြည်သူတွေက သိချင်နေကြတယ်၊ စောင့်စားနေကြတယ်။ အဲဒီသုံးခုမှာ အန်တီစုတို့အနေနဲ့ ဘယ်လောက်အထိ ပူးပေါင်းဆောင်ရွက်ခွင့်ရနေပြီလဲ။ အန်တီစု အနေနဲ့ အချိန်ကျရင် ထုတ်ပြောမယ်ဆိုပြီး ပြောလေ့ရှိတယ်။ အဲဒီအချိန်ကို အတိအကျ ပြောလို့ရပြီလား။

**ဒေါ်အောင်ဆန်းစုကြည်**

**ဖြေ-** ခုနတုန်းက ဝန်ကြီး ဦးအောင်ကြည် ဖတ်သွားတဲ့အထဲမှာလည်း ပါပြီးပါပြီ။ ကျွန်မတို့က ဒီကိစ္စတွေကို ကျွန်မတို့ ဆွေးနွေးပြီးဖြစ်ပါတယ်။ ကျွန်မတို့က ဘယ်လောက်အတိုင်းအတာထိ ပါဝင်နေသလဲဆိုတာ ကျွန်မတို့ ဒီကပြည်သူတွေ အကျိုးဖြစ်နိုင်မယ့် အတိုင်းအတာထိ ပါဝင်မှာပါ။ တတ်နိုင်သလောက် ကြိုးစားပြီးတော့ တိုင်းပြည်အတွက် အကျိုးဖြစ်တယ်၊ ပြည်သူတွေအတွက် အကျိုးဖြစ်မယ့် ကိစ္စတွေမှာဆိုရင် ကျွန်မတို့က အင်တိုက်အားတိုက်ပါဝင်ပြီး လုပ်ဆောင်မှာ ဖြစ်ပါတယ်။ (သတင်းစဉ်)

## ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

### တရုတ် ဒုတိယသမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၂)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်- ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

### တရုတ် ဒုတိယသမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၂)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်- ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ဓညဝတီမြို့ဟောင်းအား ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ထိန်းသိမ်းသွားရန် အစီအစဉ်ရှိ

### နေပြည်တော်၌ ကမ္ဘာ့အဆင့်မီ ကျောက်စိမ်း၊ ကျောက်မျက်ဈေးကွက် ဖြစ်ထွန်းနေခြင်းကို ကျယ်ပြန့်အောင် ဆောင်ရွက်မည်

နေပြည်တော် စက်တင်ဘာ ၃၀

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၈၅)ဦးတို့ တက်ရောက်ကြသည်။**

ယနေ့လွှတ်တော်အစည်းအဝေး၌ နိုင်ငံတော်သမ္မတ၏သဝဏ်လွှာအား မှတ်တမ်းတင် အတည်ပြုခြင်း၊ မေးခွန်း(၉)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုအသစ်(၁)ခု တင်သွင်းခြင်း၊ အရေးကြီးအဆို(၁)ခု အတည်ပြု ထောက်ခံမှတ်တမ်းတင်ခြင်းနှင့် အဆို(၂)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ စက်တင်ဘာ (၂၉) ရက်စွဲဖြင့် ပေးပို့သောသဝဏ်လွှာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ဖတ်ကြား ရှင်းလင်းတင်ပြပြီး

**စာမျက်နှာ ၆ ကော်လံ ၁ သို့❖**



ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

## အမျိုးသားအကျိုးစီးပွားဖြစ်သည့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးရန် တိုင်းရင်းသားလုပ်ငန်းရှင်များကို စောင့်ရှောက်ရန်လို

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ တိုးတက်နေသည့် နည်းပညာများ နိုင်ငံအတွင်းဝင်ရောက်မလာနိုင်အောင် တားဆီးသကဲ့သို့ မဖြစ်ရန်လို

နေပြည်တော် စက်တင်ဘာ ၃၀

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၀)တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ စက်တင်ဘာ (၂၉) ရက်စွဲဖြင့် ပေးပို့သော သဝဏ်လွှာကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်က **“အမျိုးသားအကျိုးစီးပွားအတွက် ကျင့်သုံးဆောင်ရွက်နေကြသည့် ကိစ္စရပ်**

စာမျက်နှာ ၈ ကော်လံ ၁ သို့✳



ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)